# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက် | ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၁၈ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ်(၂၈၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ရာသက်ပန်ကုသိုလ်အလှူနှင့် တုနှိုင်းဖွယ်မရှိသောပီတိ

ဆောင်းပါး စာ ၆

## ထိုင်းနိုင်ငံမှ စားသောက်ကုန်ပစ္စည်းကုန်ကြမ်း ဝယ်လိုအားမြင့်တက်နေ၍ မြဝတီကုန်သွယ်ရေးဇုန်မှ လတ်တလောကာလများတွင် ပိုမိုတင်ပို့နိုင်ခဲ့

### ဧပြီ ၁ ရက်မှ ဇူလိုင် ၁၄ ရက်အထိ ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၅၃၀ ဒသမ ၆၄၃ သန်းဖြစ်

မြဝတီ ဇူလိုင် ၁၇

မြဝတီကုန်သွယ်ရေးဇုန်မှ တစ်ဖက်နိုင်ငံနှင့် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၁ ရက်မှ ၁၄ ရက်အထိ ပို့ကုန်တင်ပို့မှုအနေဖြင့် ပြောင်း၊ ကြက်သွန်နီ၊ ရေထွက်ကုန်များဖြစ်သည့် ပုစွန်၊ ငါးခွေးလျှာ၊ ငါးကြင်းတို့အပြင် ဂေါ်ဖီထုပ်၊ ငရုတ်၊ မန်ကျည်းသီး (အစေ့ပါ)၊ ချင်းခြောက်နှင့် CMP ပစ္စည်းများဖြစ်သည့် အမျိုးသား/ အမျိုးသမီး အဝတ်အထည်များ တင်ပို့နိုင်ခဲ့သည်။

ယခုအခါ ထိုင်းနိုင်ငံမှ စားသောက်ကုန်လုပ်ငန်းများ တွင်ကျယ်စွာ ဆောင်ရွက်လာမှုနှင့်အတူ အသုံးပြုရန် လိုအပ်ချက်ကြောင့် စားသောက်ကုန်ပစ္စည်းကုန်ကြမ်း ဝယ်လိုအား မြင့်တက်နေ၍ လတ်တလောကာလများတွင် ပိုမိုတင်ပို့နိုင်ခဲ့သည်။ ပုပ်သိုးပျက်စီးလွယ်သည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းပို့ကုန်များဖြစ်သည့် ကြက်သွန်နီ၊ ဂေါ်ဖီထုပ်နှင့် ငရုတ်များကို လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်ရေးအတွက် လိုင်စင်ထုတ်ပေးခြင်း၊ ကုန်ပစ္စည်းစစ်ဆေးမှုများတွင် ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိသည်။

သွင်းကုန်ပစ္စည်းများ အနေဖြင့် တိရစ္ဆာန်အစာ၊ တိရစ္ဆာန်ဆေးဝါး၊ စက်ဘီး၊ အဝတ်အထည်၊ စာရေးကိရိယာ၊ ကားအပိုပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်၊ ဖိနပ်၊ သစ်သီး၊ ဓာတ်မြေဩဇာ၊ အိမ်သုံးပစ္စည်း၊

*စာမျက်နှာ ၅ ကော်လံ ၅ ➔*

## ၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၁၇

၂၀၂၃ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၆) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနား ကျင်းပပုံများကို ဇူလိုင် ၁၉ ရက်နေ့ နံနက် ၇ နာရီ မိနစ် ၄၀ မှစတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV – HD Channel၊ MRTV News Channel၊ MWD– HD Channel၊ MWD Variety HD Channel၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ Star FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ပဒ္မဝတီ FM၊ မန္တလေး FM၊ ချယ်ရီ FM၊ ရွှေ FM တို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## လျှပ်စစ်သုံးမော်တော်ယာဉ်အစီး ၄၀ ရန်ကုန်ဆိပ်ကမ်းရောက်ရှိ

နေပြည်တော် ဇူလိုင် ၁၇

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Grand Sirius Co.,Ltd. မှ တင်သွင်းလာသော Neta U အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် အစီး ၂၀ နှင့် Asia Pacific Automaker Corpo–ration Co.,Ltd. မှ တင်သွင်းလာသော Seres 3 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် အစီး ၂၀ စုစုပေါင်း လျှပ်စစ်သုံးမော်တော်ယာဉ် အစီး ၄၀ သည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# စည်းလုံးညီညွတ်စွာ ကြိုးပမ်းအားထုတ်

မြန်မာလူမျိုးတို့၏ စရိုက်လက္ခဏာ (National Characteristic) သည် တစ်ဦးချင်း အလွန်လွတ်လွတ်လပ်လပ်နေလို၍ မိမိသဘော အရသာ(Individualistic) နေသွားလိုကြသည်။ ထိုစရိုက်သဘာဝ ကြောင့်ပင် ခိုင်မာစွမ်းပကားရှိသည့် ခေါင်းဆောင်များ မရှိသည့် အခါ မြန်မာတို့သည် ညီညွတ်စည်းလုံးမှု လုံးဝမရှိဘဲ ဝါးအစည်း ပြေသလို သူတစ်လူ ငါတစ်မင်းသာ နေထိုင်ခဲ့ကြသည်ကို တွေ့ရ ကြောင်း သုတေသီပညာရှင်တစ်ဦးက ဆိုမိန့်ထားသည်။

ဒုတိယကမ္ဘာစစ်ပြီးကာလ နယ်ချဲ့တို့၏ အင်ပါယာကြီးများ ပြိုလဲအံ့ဆဲဆဲတွင် တစ်ချိန်က နယ်ချဲ့လက်အောက်ခံနိုင်ငံများ လွတ်လပ်ရေးရယူရန် ပြင်ဆင်ကြသည်။ ဒုတိယကမ္ဘာစစ်ကြီး အပြီး လွတ်လပ်ရေးအကြိုကာလ အိန္ဒိယနှင့် မြန်မာတို့၏ သမိုင်း များကို စေ့စပ်စွာလေ့လာလျှင် နယ်ချဲ့တို့၏ ကောက်ကျစ်စဉ်း လဲမှုများကို တွေ့မြင်နိုင်သည်။ နယ်ချဲ့တို့၏ စနက်ကြောင့် အိန္ဒိယ မှ ပါကစ္စတန်ခွဲထွက်ခဲ့ရာ အတိတ်ကာလက အတူနေထိုင်ခဲ့ ကြသူများအကြား သွေးချောင်းစီး တိုက်ခိုက်သတ်ဖြတ်မှုများ ဖြစ်ခဲ့သလို ယခုချိန်အထိ တစ်ယောက်ခြေကို တစ်ယောက် စောင့်ကြည့်နေရသည့် ပြိုင်ဘက်များ ဖြစ်နေဆဲဖြစ်သည်။ မြန်မာနိုင်ငံတွင်မူ တောင်တန်းနှင့် ပြည်မ သွေးခွဲခဲ့သလို ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုကို လက်ဟောင်းနိုင်ငံရေး သမားအုပ်စု၊ အလံဖြူကွန်မြူနစ်အုပ်စု၊ အလံနီကွန်မြူနစ်အုပ်စု စသည့် လက်ယာ လက်ဝဲ နိုင်ငံရေးသမားအုပ်စုကွဲများက နည်းအမျိုးမျိုးဖြင့် ကန့်လန့်တိုက်နှောင့်ယှက်မှုများ ပြုလုပ်ခဲ့ကြသည်။ အခွင့်အရေးရှာသည့် လက်ဟောင်းနိုင်ငံရေးသမား အုပ်စုက ဗြိတိသျှ ပါလီမန်အထိ လိုက်လံနှောင့်ယှက်ခဲ့ကြသကဲ့သို့ ကွန်မြူနစ်တို့ကလည်း ပြည်တွင်း၌ ကျောင်းသားများ၊ လယ်သမားများကို သွေးထိုးလှုံ့ဆော်ခြင်း၊ ဆန်လုပွဲများဖြစ်စေရန်၊ လယ်ခွန်၊ လယ်သီးစားခများ၊ အမတော်ကြေးများ မပေးဆောင်ရန်၊ ပြန်မဆပ်ရန် မြှောက်ပင့်ပေးခြင်းတို့ဖြင့် တိုင်းပြည် ဆူဆူပူပူဖြစ်အောင်၊ မတည်မငြိမ်ဖြစ်အောင် အနှောင့်အယှက် ပြုခဲ့ကြသည်။

နိုင်ငံနှင့် လူမျိုးတို့ လွတ်လပ်ရေးရရန် လက်တစ်ကမ်းမျှအလိုတွင် နယ်ချဲ့ကို အတူတကွ၊ တညီတညွတ်တိုက်ပွဲဝင်ကြရမည့် အစား အာဏာကို ရလိုမှုအတွက် အချင်းချင်းပြန်၍ အတိုက်အခိုက်ပြုလုပ်ခဲ့ကြခြင်းမှာ အံ့ဩဖွယ်ပင်ဖြစ်သည်။ အမျိုးသားခေါင်းဆောင်ကြီးဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်း၏ နောက်တွင် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နှင့် ယုံယုံကြည်ကြည် လိုက်ပါခဲ့ကြခြင်းကြောင့်သာ လက်ဝဲလက်ယာ အဖျက်သမားတို့၏ အနှောင့်အယှက်၊ အဟန့်အတားများကို ကျော်လွှားနိုင်ခဲ့ပြီး နိုင်ငံနှင့် လူမျိုးတို့ အချုပ်အခြာအာဏာပိုင် လွတ်လပ်သောဘဝသို့ ရောက်ရှိခဲ့ကြရခြင်းဖြစ်သည်။

မိမိတို့မျိုးဆက်များ၏လက်ထက် ခေတ်ပြိုင်ကမ္ဘာတွင် စည်းလုံးညီညွတ်မှုက ပို၍ပင်လိုအပ်သည်။ နယ်ချဲ့စနစ်သည် ဒုတိယကမ္ဘာစစ်အပြီးတွင် ချုပ်ငြိမ်းသွားခဲ့သော်လည်း ကမ္ဘာ့နိုင်ငံရေးတွင် အမျိုးသားအကျိုးစီးပွားအတွက် အုပ်စုဖွဲ့မှုများ၊ ကြီးနိုင်ငယ်ညှဉ်း အနိုင်ကျင့်မှုများကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်ရာ မိမိတို့၏ ပြည်တွင်းအင်အားကို ခိုင်ခိုင်မာမာတောင့်တောင့်တင်းတင်း တည်ဆောက်ထားနိုင်ရန် လိုအပ်သည်။ ယင်းသို့ တည်ဆောက်ရာတွင် စီးပွားရေးသည် အခြေခံကျသော အင်အား ဖြစ်ရာ စီးပွားရေးခိုင်မာတောင့်တင်းအောင် အလုပ်လုပ်ဖို့လိုသည်။

"ကျွန်တော်တို့ ဒီတိုင်းပြည်မှာ လွတ်လပ်တဲ့အခါမှာလည်း ယိုးဒယားပြည်လို ဖြစ်ချင်သလား၊ တူရကီပြည်လို ဖြစ်ချင်သလား၊ အိုင်ယာလန်ပြည်လို ဖြစ်ချင်သလား၊ ယူနိုက်တက်စတိတ်အမေရိကန်လို ဖြစ်ချင်သလား၊ အင်္ဂလိပ်ပြည်လို ဖြစ်ချင်သလား၊ ဆိုဗီယက်ယူနီယံလို ဖြစ်ချင်သလား။ ဖြစ်ချင်တာတွေအပေါ်မှာ မှီပြီးတော့ ခင်ဗျားတို့ အလုပ်မလုပ်ဘဲနဲ့တော့ ဖြစ်မှာမဟုတ်ဘူး ဆိုတာ ကျွန်တော်ပြောပြချင်တယ်၊ အလုပ်မလုပ်ဘဲနဲ့တော့ မဖြစ်ဘူး။" ဟူ၍ ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးမိန့်ခွန်းပါ မှာကြားချက်မှာ မိမိတို့နိုင်ငံ ကမ္ဘာ့အလယ်တွင် တင့်တယ်ဝင့်ကြွားနိုင်ရေးအတွက် အဓိကလိုအပ်ချက်ပင်ဖြစ်သည်။ စည်းလုံးညီညွတ်ခြင်း၊ နိုင်ငံ့စီးပွား တိုးတက်ဖွံ့ဖြိုးအောင် ကြိုးပမ်းအားထုတ် အလုပ်လုပ်ခြင်းဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးအင်အား သုံးရပ် တောင့်တင်းသောနိုင်ငံအဖြစ် ရပ်တည်နိုင်ရေးသည် မိမိတို့ မျိုးဆက်များ၏ တာဝန်ပင်ဖြစ်ပါကြောင်း။ ။



# (၇၀)နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန်

**နေပြည်တော် ဇူလိုင် ၁၇**

၂၀၁၇ ခုနှစ် ဇူလိုင် ၁၉ ရက် (ဗုဒ္ဓဟူးနေ့) (၇၀) နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာန/ ရုံးအဆင့်ဆင့်သို့ ဆက်လက်ညွှန်ကြားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အစိုးရရုံးဌာန အဖွဲ့အစည်း အားလုံးသို့ ညွှန်ကြားထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော် (၂) ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

မိုး/ဇလ

# တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၇**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့်အဖွဲ့ ၁၃ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့် အဖွဲ့များအနက်နိုင်ငံရေးပါတီ ၈ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၈ ပါတီအနက် **အမျိုးသားနိုင်ငံရေး အားမာန်သစ်ပါတီ**က ပါတီတည်ထောင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။

တည်ထောင်ခွင့်ပြုခဲ့သည့် နိုင်ငံရေးပါတီ ၈ ပါတီသည် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့်အနက် ပါတီ ၅ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက်ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၇**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ် တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကျောက်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပြုလုပ်သည့် အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်၍ ထောက်ပံ့ငွေများ ပေးအပ်သည်။ **(ယာပုံ)** ထို့ပြင် ကျောက်ဖြူမြို့နယ်ရှိ မိုခါမုန်တိုင်းအပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ မြို့နယ်အသီးသီးမှ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ရမ်းဗြဲမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ဇော်မင်းအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရမ္မာဝတီခန်းမ၌ ပြုလုပ်သော တတိယအကြိမ်မြောက် ကူညီထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ရမ်းဗြဲမြို့နယ်အတွင်းရှိ မုန်တိုင်းရှောင်အိမ်ထောင်စုများနှင့် ဘေးသင့်အိမ်ထောင်စုများကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ထို့အတူ မောင်တောမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် တင့်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အသေးစားစက်မှုလက်မှုဦးစီးဌာနမှ သစ်တောရွာကျေးရွာတွင် ကြီးမှူးဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။ ထို့ပြင် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းတွင် ပြုလုပ်သည့် (၇၀)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အကြို အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ပြုလုပ်နေမှုတို့ကို သွားရောက် ကြည့်ရှုအားပေးပြီး **(ဝဲပုံ)** ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မောင်တောခရိုင်ရုံးမှ ခင်းကျင်းပြသထားသော (၇၀)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် စာအုပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။



သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက် ကြည့်ရှုအားပေး



နေပြည်တော် ဇူလိုင် ၁၇

**၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ကျင်းပသည်။**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဦးမောင်ကို၊ ဒေါက်တာ အောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဗိုဗီနမ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

**သန့်သန့်ရှင်းရှင်းယှဉ်ပြိုင်**

အခမ်းအနားတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲကို ၂၀၁၆ ခုနှစ်မှ စတင်၍ ကျင်းပခဲ့ရာ ယခုနှစ်တွင် စတုတ္ထအကြိမ်မြောက် ရောက်ရှိပြီဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် အစွမ်းအစများကို အစွမ်းကုန် ဖော်ထုတ်ပြသပြီး မိမိတို့ ကိုယ်စားပြုအသင်း အောင်နိုင်ရေးအတွက် အနိုင်မခံ အရှုံးမပေး ဖွဲ့၊ စိတ်ဓာတ်အပြည့်ဖြင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်ကစားကြစေ လိုကြောင်း၊ အားကစားသမား အချင်းချင်း ချစ်ခင်ရင်းနှီးစွာ ပြောဆိုနေထိုင်ဆက်ဆံပြီး ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ဆောင်ပြသကြစေလိုကြောင်း၊ ပြိုင်ပွဲတွင် တာဝန်ယူဆောင်ရွက်ပေးကြမည့် ဒိုင်လူကြီးများအနေဖြင့်လည်း တရားမျှတ မှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ယခုပြိုင်ပွဲများမှတစ်ဆင့် နိုင်ငံတော်က အားထားရမည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်လာအောင် ကြိုးစားလေ့ကျင့်ကြစေလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးတို့သည် ပြိုင်ပွဲဝင် အားကစားအသင်းများမှ အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ယနေ့ပွဲစဉ်များအဖြစ် အမျိုးသားနှစ်ယောက်တွဲ (အပြ) ပြိုင်ပွဲ၊ အမျိုးသား တစ်ဦးချင်း (အတိုက်) ပြိုင်ပွဲများယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

**ပူးပေါင်းကျင်းပပေး**

ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လာရောက်ယှဉ်ပြိုင်ကြသည့် ဗိုဗီနမ်အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရေး၊ ဗိုဗီနမ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ ဗိုဗီနမ်အားကစားနည်းကို နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားကစားခြင်းဖြင့် မြန်မာနိုင်ငံ၏ ဗိုဗီနမ်အားကစား အဆင့်အတန်း တိုးတက် မြင့်မားလာစေရေး အတွက်ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဗိုဗီနမ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပပေးခြင်းဖြစ်သည်။

**အခမဲ့လာရောက်ကြည့်ရှုနိုင်**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်မှ ၂၀ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၃ သင်း၊ အမျိုးသမီးအသင်း ၁၃ သင်း၊ အားကစားသမား စုစုပေါင်း ၂၂၁ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းနှင့် စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် အခမဲ့ လာရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဥပဒေပြုရေးသုတေသန စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၇**

ဥပဒေရေးရာဝန်ကြီးဌာနနှင့် တရုတ် - အာဆီယံ ဥပဒေရေးရာသုတေသနစင်တာ (China-ASEAN Legal Research Center) တို့အကြား ချုပ်ဆိုမည့် ဥပဒေရေးရာပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဥပဒေပြုရေး သုတေသနစီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်တောင်ပိုင်း နိုင်ငံရေးသိပ္ပံနှင့် ဥပဒေတက္ကသိုလ် (Southwest University of Political Science and Law) ပါမောက္ခချုပ် Mr.Wu Yu Hong နှင့် ပါမောက္ခများ၊ တရုတ် - အာဆီယံဥပဒေရေးရာသုတေသနစင်တာမှ အထွေထွေအတွင်းရေးမှူးချုပ် Mr. Zhang Xiao Jun နှင့် တာဝန်ရှိသူများနှင့် ချုံချင့်မြို့ မြန်မာကောင်စစ်ဝန်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေရေးရာဝန်ကြီးဌာနသည် ၂၀၂၀-၂၀၂၄ မဟာဗျူဟာစီမံကိန်းကို "တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှု" ခေါင်းစဉ်ဖြင့် ရည်မှန်းချက် ငါးခု ချမှတ်ကာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယင်းရည်မှန်းချက်တွင် မိတ်ဖက်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် တရုတ်-အာဆီယံ ဥပဒေရေးရာသုတေသနစင်တာနှင့် ဥပဒေရေးရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် ဤနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်ပါကြောင်း။

**အပြန်အလှန်လေ့လာနိုင်**

ယင်းနားလည်မှုစာချွန်လွှာအရ ဥပဒေရေးရာဝန်ကြီးဌာနနှင့် တရုတ် - အာဆီယံ ဥပဒေရေးရာသုတေသနစင်တာတို့အကြား ဥပဒေရေးဆွဲရေးဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် ဥပဒေအသိပညာဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းနယ်ပယ်များတွင် အဓိကထား၍ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဤနားလည်မှု စာချွန်လွှာရေးထိုးခြင်းကြောင့် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နှစ်နိုင်ငံအကြားရှိ ဥပဒေစနစ်မတူညီမှုများ၊ ဘာသာစကားများ၊ နိုင်ငံရေးမူဝါဒနှင့် ယဉ်ကျေးမှုစနစ်တို့ကို အပြန်အလှန်အားဖြင့် လေ့လာနိုင်မည်ဖြစ်ပြီး နှစ်နိုင်ငံအကြား ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုများတွင် ထိရောက်မှုရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။




ထို့နောက် အနောက်တောင်ပိုင်း နိုင်ငံရေးသိပ္ပံနှင့် ဥပဒေတက္ကသိုလ်မှ ပါမောက္ခချုပ်က ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ကို ၂၀၂၃ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိ အနောက်တောင်ပိုင်းနိုင်ငံရေးသိပ္ပံနှင့် ဥပဒေတက္ကသိုလ်၏ ဂုဏ်ထူးဆောင်ပါမောက္ခ (Honorable Professor) အဖြစ် ခန့်အပ်ရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပါဝင်တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၇**

ဘင်းမ်စတက် အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ထိုင်းဘုရင့်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာမွတ်(ဒ်)ဝီနိုင်း၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့ ကျင်းပပြုလုပ်သည့် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။ **(အောက်ပုံ)**

ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အေ ကေ အဗ္ဗဒူလ် မိုမန်၊ ဘူတန် နိုင်ငံခြားရေးနှင့် ပြည်ပကုန်သွယ်ရေးဝန်ကြီး ဒေါက်တာ တန်ဒီဒေါ်ဂျီ၊ အိန္ဒိယ ပြည်ပရေးရာဝန်ကြီး ဒေါက်တာ အက်စ်ဂျိုင်ရှန်ကာ၊ နီပေါ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ နာရာရန်ပရာကက်ရှ်ဆော့ဒ်၊ သီရိလင်္ကာ နိုင်ငံခြားရေးဝန်ကြီး မစ္စတာအလီဆာဘရီ၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ်(ဒ်)ဝီနိုင်းနှင့် ဘင်းမ်စတက် အတွင်းရေးမှူးချုပ် မစ္စတာ တန်ဇင်လက်ခ်ဖဲလ် တို့ ပါဝင်တက်ရောက်ကြသည်။

ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးများသည် ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်း





စဉ်ဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်းနှင့် ကမ္ဘာ့ရေးရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

နိုင်ငံခြားရေးဝန်ကြီးများသည် ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တွင် ပြင်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ဘင်းမ်စတက် အနာဂတ် ဦးတည်ချက်များဆိုင်ရာ ထင်ပေါ်ကျော်ကြားပညာရှင်များအဖွဲ့ ဖွဲ့စည်းထူထောင်ရေးနှင့် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးများ ကျင်းပရေးတို့အပေါ် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဒေသတွင်းနှင့် ကမ္ဘာ့ရေးရာကိစ္စရပ်များကို ဆွေးနွေးရာတွင် ကပ်ရောဂါ၊ ငွေကြေးအကျပ်အတည်း၊ သဘာဝဘေးအန္တရာယ်တို့နှင့် ရင်ဆိုင်တွေ့ကြုံရပါက ကြံ့ကြံ့ခံနိုင်စွမ်းရှိရေး၊ ကိုဗစ်-၁၉ အလွန် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားသော ဒေသတွင်းနှင့် ကမ္ဘာ့ရေးရာကိစ္စများဖြစ်သည့် နိုင်ငံဖြတ်ကျော် ငွေပေးချေရေးစနစ် ထူထောင်ရေး၊ ကျန်းမာရေး၊ စွမ်းအင်နှင့် စားနပ်ရိက္ခာဖူလုံရေးတို့ကို ထည့်သွင်းဆွေးနွေးကြသည်။

သီးသန့်အစည်းအဝေးအပြီးတွင် ဘင်းမ်စတက် အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံက ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့များကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများသည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာပရာယုဒ်ချန်အိုချာနှင့် စုပေါင်းတွေ့ဆုံကြသည်။ **(အပေါ်ပုံ)**

ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်လျက်ရှိသည့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေအား ဘင်းမ်စတက် အတွင်းရေးမှူးချုပ် မစ္စတာ တန်ဇင်လက်ခ်ဖဲလ် က ဇူလိုင် ၁၆ ရက် မွန်းလွဲပိုင်းတွင် လာရောက် ဂါရဝပြုတွေ့ဆုံခဲ့သည်။

အတွင်းရေးမှူးချုပ်နှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဘင်းမ်စတက် ပဋိညာဉ် (BIMSTEC Charter) အား မြန်မာနိုင်ငံက အတည်ပြုပါဝင်ခဲ့သည့် စာလွှာ (မူရင်း) ကို အတွင်းရေးမှူးချုပ်ထံ ကိုယ်တိုင်အပ်နှံခဲ့သည်။ မြန်မာနိုင်ငံသည် ပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များအတိုင်း ဘင်းမ်စတက်ပဋိညာဉ်အား အတည်ပြုပါဝင်ခဲ့ပြီးဖြစ်သည်။

ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေး မကျင်းပမီ ဇူလိုင် ၁၆ ရက် ညနေပိုင်းတွင် ဘင်းမ်စတက် လက်ရှိအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာမွတ်(ဒ်)ဝီနိုင်းက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အခြားသော ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။

ဘင်္ဂလားပင်လယ်အော် ဒေသတွင်း ကဏ္ဍပေါင်းစုံ၊ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Bay of Bengal Initiatives for Multi–Sectoral Technical and Economic Coo–peration – BIMSTEC) သည် ၁၉၉၇ ခုနှစ်တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့သည့် ဒေသတွင်းအဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်း စသည့် အဖွဲ့ဝင် ခုနစ်နိုင်ငံ ပါဝင်သည်။

ဘင်္ဂလားပင်လယ်အော် ဒေသတွင်းနိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်အတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပြီး ဘင်းမ်စတက်၏ လက်ရှိပူးပေါင်းဆောင်ရွက်မှုကဏ္ဍ (၇) ခုရှိသည့်အနက် မြန်မာနိုင်ငံသည် **"လယ်ယာစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကဏ္ဍ"** ၏ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူလျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ရေကြောင်းသတိပေးချက်

Campana Mythic Co.,Ltd သည် မြန်မာ–စင်ကာပူ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေအောက် ဖိုင်ဘာကေဘယ်လ်သွယ်တန်းခြင်းလုပ်ငန်းကို ရေအောက်ကေဘယ်လ်ချခင်းသည့် သင်္ဘော CS.Nusan–tara Explorer ဖြင့် မြန်မာအထူးသီးသန့်စီးပွားရေးဇုန်အတွင်း ကေဘယ်လ်ကြိုးကို Rov သုံး၍ ပင်မလိုင်းခွဲ ယူနစ် (၁) တပ်ဆင်ထားသောနေရာတွင် သောင်တူးခြင်းဖြင့်မြှုပ်နှံခြင်း ဆောင်ရွက်သွားမည့် ဧရိယာများဖြစ်သော မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ဝ၇ ဒသမ ၃၈၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ဝ၉၆ ဒီဂရီ ၂၂ ဒသမ ၄၁၇ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ဝ၆ ဒသမ ၆၃၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ဝ၉၆ ဒီဂရီ ၂၂ ဒသမ ၁ဝ၉ မိနစ် အတွင်း၌ ၂ဝ၂၃ ခုနှစ် ဇူလိုင် ၁၃ ရက်တွင်လည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ဝ၇ ဒသမ ၆၆၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ဝ၉၆ ဒီဂရီ ၂၃ ဒသမ ဝ၅၇ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ဝ၇ ဒသမ ၁၆၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ဝ၉၆ ဒီဂရီ ၂၂ ဒသမ ၄၁၃ မိနစ်အတွင်း၌ ၂ဝ၂၃ ခုနှစ် ဇူလိုင် ၁၄ ရက်တွင်လည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ဝ၇ ဒသမ ၆၆၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ဝ၉၆ ဒီဂရီ ၂၃ ဒသမ ဝ၅၇ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ဝ၇ ဒသမ ၁၆၅ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ဝ၉၆ ဒီဂရီ ၂၂ ဒသမ ၄၁၃ မိနစ် အတွင်း၌ ၂ဝ၂၃ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် လည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ဝ၇ ဒသမ ၆၆၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ဝ၉၆ ဒီဂရီ ၂၃ ဒသမ ဝ၅၇ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ဝ၇ ဒသမ ၁၆၅ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ဝ၉၆ ဒီဂရီ ၂၂ ဒသမ ၄၁၃ မိနစ်အတွင်း၌ ၂ဝ၂၃ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် လည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ ဒသမ ၉၈၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ဝ၉၆ ဒီဂရီ ၃၁ ဒသမ ၉၆၅ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ဝ၇ ဒသမ ၃၈၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ဝ၉၆ ဒီဂရီ ၂၂ ဒသမ ၄၁၇ မိနစ် တို့အတွင်းတွင် ၂ဝ၂၃ ခုနှစ် ဇူလိုင် ၁၇ ရက်မှ ၂ဝ၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတော်၏ သီးသန့်စီးပွားရေးဇုန် (Myanmar Exclusive Economic Zone) အတွင်း ပင်လယ်ရေအောက်ဖိုင်ဘာကေဘယ်လ် သွယ်တန်းခြင်းလုပ်ငန်းများကို ချိတ်ဆက်ဆောင်ရွက်မည့် လမ်းကြောင်းတစ်လျှောက်လုပ်ငန်းဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာ ဧရိယာများအတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**



ဝမ်းတွင်းမြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၆ ရက်က မြောက်ဇောင်ချမ်းကုန်းကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းဝင်း၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြင့်သိန်း၊ အဖွဲ့ဝင် (၁) ဗိုလ်မှူးသက်နိုင်၊ မိတ္ထီလာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလွင်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်းမြင့်တို့က ဌာနဆိုင်ရာများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများအား ပျိုးပင်များ ပေးအပ်ပြီး ဝန်ထမ်းများ၊ ပြည်သူများက စုစုပေါင်း ပျိုးပင် ၂ဝဝ ကျော်ကို စုပေါင်းစိုက်ပျိုးစဉ်။ မြို့နယ် (ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာ နိုင်ငံခြားရေးဝန်ကြီးများနှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၇**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပပြုလုပ်သည့် (၁၂) ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်လျက်ရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အေ ကေ အဗ္ဗဒူလ် မိုမန် နှင့် လည်းကောင်း၊ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၅ မိနစ်တွင် သီရိလင်္ကာ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အလီ ဆာဘရီနှင့် လည်းကောင်း သီးခြားစီ တွေ့ဆုံသည်။



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အေ ကေ အဗ္ဗဒူလ် မိုမန်တို့ တွေ့ဆုံဆွေးနွေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး မစ္စတာ အလီ ဆာဘရီ အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော်နိုင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

သီရိလင်္ကာ နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အထူးသဖြင့် ပညာရေး၊ သတင်းအချက်အလက် နည်းပညာ၊ ငွေကြေးကဏ္ဍများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ကြသည်။

**သတင်းစဉ်**

# တောင်ငူခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အဆင့်မြှင့်တင်ပေးနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်

**တောင်ငူ ဇူလိုင် ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အဆင့်မြှင့်တင်ပေးနိုင်ရေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဇူလိုင် ၁၇ ရက် နံနက်က ကွင်းဆင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တောင်ငူမြို့နယ်၊ ကေတုမတီမြို့သစ် တပင်ရွှေထီး ရပ်ကွက်ရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဒေါ်အေးအေးဝင်း၏ အေဝမ်း မုန့်ဖတ်ခြောက်လုပ်ငန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ထုပ်ပိုးမှုစနစ် အဆင့်မြှင့်တင်နိုင်ရေး၊ ပို့ကုန်တိုးမြှင့်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းခဲ့သည်။ ထို့နောက် တောင်ငူမြို့နယ် ကျွန်းကုန်း ကျေးရွာရှိ ဦးရဲလင်းထွန်း၏ ကောင်ရေ ၈၀၀၀၀ ကျော်ရှိသည့် ရွှေဝါအအေးခန်း ဥစားကြက် မွေးမြူရေးခြံသို့ သွားရောက် ကြည့်ရှုပြီး ဒေသတွင်းဥစားသုံးမှု ဖူလုံပိုလျှံနိုင်ရေး တိုးချဲ့ထုတ်လုပ် မွေးမြူရန် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မဟောင်ကျေးရွာအုပ်စု၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် တောင်သူ ဦးစိုးမြင့်နိုင်၏ အစေ့ချ စနစ်ဖြင့် စိုက်ပျိုးထားသော မိုးစပါး စိုက်ခင်းများ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာရောစပ်ကြဲပက်နေမှုနှင့် တမန်းနှိုးနေမှုတို့အား ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ငူမြို့ (၂) ရပ်ကွက် ဦးရဲဝင်း၏ တန် ၁၀၀ ကျ ဆန်စက်တွင်း စွန့်ပစ်စပါးခွံသုံး လျှပ်စစ်ထုတ်လုပ်ရေးစက် Gasifier ဖြင့် ဆန်ကြိတ်ခွဲနေမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး တောင်ငူမြို့၊ ကေတုမတီအနောက်ဘက် ကျုံးဘေး၌ တိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် အပန်းဖြေပန်းခြံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရှေးဟောင်းကျုံးများ၊ မြို့ရိုးများ ရှေးမူမပျက် ပြန်လည်ဖော်ထုတ်ရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အုတ်တွင်းမြို့နယ် ဥယျာဉ်တော် ကျေးရွာအုပ်စု၌ တောင်သူ ဦးညွန့်ဝေ၏ မိုးစပါးပျိုးထောင် ကောက်စိုက်နေမှုအား ကြည့်ရှုအားပေးပြီး MMKH ကုမ္ပဏီ ဦးသူလွင်ထွန်း၏ အာလူးကြော် ထုတ်လုပ်ရေးအလုပ်ရုံသို့ သွားရောက် ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

○ ရှေ့ဖုံးမှ

တိရစ္ဆာန်အရှင်၊ လူသုံးကုန်ပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ စက်နှင့် စက်ပစ္စည်းကိရိယာများ၊ ဆေးဝါး၊ Packing Material ၊ အိမ်သုတ်ဆေး၊ ကုန်ကြမ်းပစ္စည်း၊ ယန္တရားစက်ပစ္စည်းများ၊ ငါးဖမ်းပစ္စည်း၊ LPG (ဓာတ်ငွေ့ရည်) နှင့် အလှကုန်ပစ္စည်းတို့ တင်သွင်းခဲ့သည်။

ငွေလဲနှုန်းအနေဖြင့် ယခင်အပတ်က တစ်ဘတ်လျှင် ၈၈ ဒသမ ၁၁ ကျပ်သာရှိပြီး ယခုအပတ်တွင် ၈၉ ဒသမ ၂၉ ကျပ်ဖြစ်သဖြင့် ဘတ်ဈေး အနည်းငယ်တက်ခဲ့ကြောင်းနှင့် ကုန်ပစ္စည်းများ တင်ပို့၊ တင်သွင်းခြင်းကို ရန်ကုန်-ဘားအံ- မြဝတီ ကုန်သွယ်မှုလမ်းကြောင်း အတိုင်း ပုံမှန်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (ဧပြီ ၁ ရက်မှ ဇူလိုင် ၁၄ ရက်အထိ) အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၆၅ ဒသမ ၀၃၈ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၃၆၅ ဒသမ ၆၀၅ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅၃၀ ဒသမ ၆၄၃ သန်း ဖြစ်သည်။

**DOT ( Myawaddy)**



# တနသ်ာရီ၌ ဇီဝဆိုင်ရာအချက်အလက်များ စတင်ကောက်ယူ

**တနင်္သာရီ ဇူလိုင် ၁၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နိုင်ငံသား တစ်ဦးချင်းစီ၏ ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီခွဲက တနင်္သာရီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဆောင်ရွက်ပေးသည်။

Biometric Data များ ကောက်ယူခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တနင်္သာရီမြို့နယ် ဦးစီးအရာရှိ ဦးမြင့်ကြွယ်နှင့် ဝန်ထမ်းများက ဦးတည်အုပ်စုများ သတ်မှတ်၍ နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင် တစ်ဦးချင်းစီအား QR Code ပါပြီး ဂဏန်း ၁၀ လုံးပါသည့် Unique ID နံပါတ်စာရွက်များ ထုတ်ပေးလျက်ရှိရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး အောင်ကိုလတ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ထူးတို့ ကြည့်ရှုအားပေးကြသည်။ (အပေါ်ပုံ)

**နန်းသာရီ-ထိန်ဝင်း**

# ပြည်မြို့၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ နေ့စဉ်ရောင်းချ



**ပြည် ဇူလိုင် ၁၇**

ပြည်မြို့ စည်ပင်သာယာမြို့မဈေးကြီးအနီး ကမ်းနားလမ်း၌ ကိုယ်တိုင်စိုက်ပျိုး/ မွေးမြူထုတ်လုပ်သူများ၏ တိုက်ရိုက်အရောင်းဆိုင်များ ဖွင့်လှစ်၍ စားသောက်ကုန်ပစ္စည်းများ နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးခြင်းကို ဇွန်လ တတိယပတ်ကစ၍ နေ့စဉ်နံနက်တိုင်း ဆောင်ရွက်ပေးလျက်ရှိပြီး ယနေ့ရောင်းချရာတွင် မှော်ဇာကျေးရွာအုပ်စုမှ ဒေသထွက်ဟင်းသီးဟင်းရွက်မျိုးစုံအပါအဝင် အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိကာ ထိုသို့ရောင်းချပေးခြင်းအား ပြည်ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# ရာသက်ပန်ကုသိုလ်အလှူနှင့် တုနှိုင်းဖွယ်မရှိသောပီတိ

**အောင်မြတ်မင်း**



ဒီနှစ်က ဝါထပ်သောနှစ် ဖြစ်သည်။ ဝါတွင်းကာလသည် ဗုဒ္ဓဘာသာဝင်တို့အတွက် အထူးအလေးထားသော ကာလဖြစ်သည်။ ကောင်းမှုကုသိုလ်များ အခြားကာလကထက် ပိုလုပ်ဖြစ်ကြသည်။ ၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ ရက်၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် ထူးထူးခြားခြား ဖိတ်စာတစ်စောင် လက်ခံရရှိသည်။ နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်နေသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပွဲသို့တက်ရောက်နိုင်ရေး ဖိတ်ကြားချက်ဖြစ်သည်။

ဖရဏာပီတိ ဂွမ်းဆီထိသလို ခံစားလိုက်ရသည်။ ဤဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်ပတ်သက်၍ စတင်တည်ထောင်စကတည်းကပင် စိတ်ဝင်စားမှုကအားကြီးလှသည်။ စကျင်ကျောက်တောင်ကနေ ရေယာဉ်နှင့် စတင်ပင့်ဆောင်ကတည်းက စကျင်ကျောက်တုံးကြီး၏ အရွယ်ပမာဏကိုကြည့်ပြီး အံ့သြရသည်။ ဒါတောင် အစိတ်အပိုင်းပဲရှိသေးသည်ဆိုသည့်အတွက် တည်ထားပြီးစီးပါက ဖြစ်ပေါ်လာမည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ခမ်းနားထည်ဝါမှုကို အတွေးနယ်ချဲ့ရင်း မြင်ယောင်ခံစားမိပါသည်။ ဗုဒ္ဓရုပ်ပွားတော်ကြီး ဘယ်လောက်တောင် ကြီးမှာလဲ။ ရေလမ်းမှာတောင် ဒီလောက်ကြီးတာ ကုန်းလမ်းက ဘယ်လိုသယ်မှာလဲ… သိချင်သည်။ သယ်ယူပို့ဆောင်နေသည့်ကာလတွင် ၎င်းသတင်းကို ဖော်ပြသည်မှာ မြဝတီရုပ်မြင်သံကြားချန်နယ်သာရှိသည့်အတွက် တခုတ်တရကြည့်မိသည်။ ပြီးတော့လည်း စီးပွားရေးလုပ်ငန်းရှင်ပီပီ မိမိစီးပွားရေးမှာ နစ်မျောသွားပြန်သည်။

ထပ်ပြီးသတိထားမိတာက စေတီတော်ကြီးကို CNC Machine များနှင့် ထုဆစ်ပြီး တွဲဆက်ချိန်ဖြစ်သည်။ မြန်မာအင်ဂျင်နီယာတွေ ဒီလောက်တောင် စွမ်းသလား။ သိပ်တော့မယုံချင်။ သတင်းတွေကြည့်၊ မေးမြန်းကြည့်တော့ ဟုတ်နေသည်။ မှတ်မှတ်ရရ ဘုရားကြီးကို ဥပုသ်နာသွင်းတော့ ကြည်ညိုစိတ်ပေါက်လာသည်။ ဒုတိယအကြိမ် ဥပုသ်နာပိတ်ပွဲမှာ လှူဖြစ်ခဲ့သည်။ အလှူငွေလည်း စထည့်ဖြစ်ခဲ့သည်။ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးချင်သည်။ တွေ့ချင်သည်။ တည်ဆောက်ဆဲကာလဆိုတော့ အထမမြောက်။

ခုတော့ဆန္ဒပြည့်ပြီ။ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးရတော့မည်။ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြင်ရတော့မည်ဆိုသည့် ဝမ်းသာစိတ်ဖြင့် နေပြည်တော်ကို ကြိုတင်ရောက်ရှိခဲ့ပါသည်။ တည်းခိုသော ဟိုတယ်ဇုန်ကနေပြီး ဘုရားကြီးဆီသို့ သွားရာလမ်းတစ်လျှောက် သစ်ပင်ပန်းမန်များနှင့် ဝေဝေဆာဆာ မြင်ကွင်းက စိတ်ချမ်းမြေ့မှုကို စတင်ပေးစွမ်းခဲ့လေပြီ။

ဗုဒ္ဓဘာသာသည် ငြိမ်းချမ်းမှု၊ အေးချမ်းမှု၊ မေတ္တာတရားထားရှိမှုတို့နှင့် ပြည့်စုံသောဘာသာတရားတစ်ခုဖြစ်ပါသည်။ ထိုကဲ့သို့သော ထေရဝါဒဗုဒ္ဓဘာသာစစ်စစ်ကို ကိုးကွယ်သည့် နိုင်ငံများထဲတွင် မြန်မာနိုင်ငံသည်လည်း ပါဝင်ပါသည်။ ငြိမ်းချမ်းသော၊ အေးချမ်းသော ဘာသာတရားတို့ကို ကိုးကွယ်မှုသည် မြန်မာနိုင်ငံ၌ ဗဟိုချက်ဖြစ်စေရေးအတွက် မြန်မာလူမျိုးတို့သည် သဒ္ဓါ၊ သီလ၊ ဘာဝနာတရားများကို ကြိုးစားအားထုတ်လျက် ရှိကြသည့်အပြင် သာသနာတော်ပြန့်ပွားရေးလုပ်ငန်းများကိုလည်း အားကြိုးမာန်တက် တက်ညီလက်ညီ၊ စည်းလုံးညီညွတ်စွာ တတ်နိုင်သည့် အခန်းကဏ္ဍတိုင်းမှ ဆောင်ရွက်တတ်ကြသူများဖြစ်ပါသည်။

ယခုအခါတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်ဘုရားဒါယကာအဖြစ် ဦးစီးဦးရွက်ပြုကာ ခုနစ်ရက်သားသမီး ဘုရားဒါယကာ၊ ဒါယိကာမတို့၏ စည်းလုံးညီညွတ်သောအား၊ သဒ္ဓါတရားထက်သန်မှု၊ သာသနာတော်အဓွန့်ရှည်တည်တံ့စေလိုသော စိတ်စေတနာ၊ အားကောင်းလှသော ကိုးကွယ်ယုံကြည်မှုတို့နှင့်အတူ ထည့်ဝင်လှူဒါန်းသည့် အလှူတော်ငွေများဖြင့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ထုဆစ်ပူဇော်ခြင်းမှာ ၉၇ ရာခိုင်နှုန်း၊ ဗုဒ္ဓဥယျာဉ်တော် တည်ဆောက်မှုမှာ ၈၆ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှု ရှိစေရန်၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့် ရည်ရွယ်ချက် (၄) ခုဖြင့် တည်ထားကိုးကွယ်ခြင်းဖြစ်ပါသည်။

ထိုကဲ့သို့ ရာခိုင်နှုန်းပြည့်နီးပါး ပြီးစီးအောင် ဆောင်ရွက်ခဲ့ရသည့် ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ယူခဲ့ရသည့်အချိန်၊ ကုသိုလ်ယူခွင့်ရခဲ့သည့် လုပ်အားဒါန၊ ဉာဏလူ့စွမ်းအားအရင်းအမြစ်၊ အုပ်ချုပ်မှုဆိုင်ရာ အထောက်အကူပစ္စည်းတို့မှာ မနည်းလှကြောင်းကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့က နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်



ကျောက်တုံးတော်ကြီးအား တူးမြောင်းဖောက်လုပ်၍ ရေလမ်းခရီးဖြင့် စတင်သယ်ယူစဉ်။



ကျောက်တုံးတော်ကြီးအား ကုန်းလမ်းခရီးဖြင့် သယ်ဆောင်စဉ်။

လျက်ရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြသခြင်းအခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အသေးစိတ်ရှင်းလင်းပြသမှ ကျောက်တုံးတော်ကြီး တွေ့ရှိသည့် သမိုင်းကြောင်းမှစ၍ ယနေ့ထိတိုင် ပြီးစီးမှုအခြေအနေသမိုင်းများကို ဂဃနဏ ပြည့်ပြည့်စုံစုံ သိရှိခဲ့ရခြင်းဖြစ်ပါသည်။ နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ကောင်းလှသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တည်ထားမှု၊ ယခုလိုအောင်မြင်အောင် ဆောင်ရွက်နိုင်မှုတို့ကြောင့် နိုင်ငံတော်အကြီးအကဲနှင့် ပါဝင်ဆောင်ရွက်သူအားလုံးကို စာရေးသူစိတ်ထဲမှာ ချီးကျူးမဆုံးလည်း ဖြစ်ရပါသည်။ တက်ရောက်လာကြသူများတွင် သာသနာနုဂ္ဂဟအဖွဲ့ရပုဂ္ဂိုလ်များ၊ ပြည်တွင်းဘဏ်များနှင့် ကုမ္ပဏီကြီးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းရုပ်သံလိုင်းများနှင့် ဆက်သွယ်ရေး အော်ပရေတာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သတ္တုလုပ်ငန်းကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်တာကို တွေ့ရှိရပါသည်။

**စတင်တွေ့ရှိမှု**

၂၀၁၇ ခုနှစ်နှောင်းပိုင်းတွင် ယခင်နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၁၃ ခုနှစ်တွင် Angelo Mining Co., Ltd. မှ ၎င်းထံသို့ လှူဒါန်းထားသည့် စကျင်ကျောက်တော်ကြီးအား တပ်မတော်မှ ဦးဆောင်ပြီး ဘုရားတည်ထားရန် လွှဲအပ်ချက်အရ တပ်မတော်က အောက်တိုဘာလမှစတင်၍ လေ့လာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ စကျင်ကျောက်တော်ကြီးမှ ထွက်ရှိလာနိုင်သည့် အတိုင်းအတာ၊ ထုထည်နှင့် အပြစ်အနာအဆာ အခြေအနေများကို သိရှိနိုင်ရန် ကျောက်တော်ကြီးအား တူးဖော်၍ X-Ray ရိုက် စမ်းသပ်စစ်ဆေးခဲ့ကြောင်း၊ ထွက်ပေါ်လာသည့် ကျောက်တုံးတော်ကြီးကို အကြမ်းထည်ပုံဖော်ကြည့်ရှုရာတွင် ဉာဏ်တော် ၆၅ ပေ ထွက်ရှိနိုင်သည်ကို တွက်ချက်ရရှိခဲ့ပြီး အချို့ကျောက်သားများနေရာတွင် လိုအပ်ချက်တွေ ရှိနေသောကြောင့် ကျောက်သားများ ထပ်မံထည့်သွင်းရန် စီစဉ်ခဲ့ကြောင်း သိရှိခဲ့ရပါသည်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

**ရတနာပုံခေတ် ဘူမိဖသသပုံစံ တည်ထားရခြင်းရည်ရွယ်ချက်**

အထက်ပါတင်ပြခဲ့ပြီးသော ရည်ရွယ်ချက်(၄)ရပ်နှင့်အညီ တည်ဆောက်ခဲ့သည်နှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများထံမှ သြဝါဒခံယူခဲ့ပြီး ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်များပြည့်စုံစွာဖြင့် စီမံတည်ဆောက်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ဆုံးရှုံးခဲ့သောလွတ်လပ်ရေးကို ၁၉၄၈ ခုနှစ်မှသာ ပြန်ရရှိခဲ့ပြီး ထိုကာလများအတွင်း ပျက်စီးသွားခဲ့ရသည့် ယဉ်ကျေးမှု အမွေအနှစ်များအတွက် နောက်ဆုံးကျန်ရှိခဲ့သည့် ယဉ်ကျေးမှုကို ရယူရန်အလို့ငှာ ဆရာတော်ကြီးများရဲ့ သြဝါဒများနှင့်အညီ ခေတ်အလိုက် တည်ထားဆောင်ရွက်ခဲ့သော ရုပ်ပွားတော်များအနက် အသင့်လျော်ဆုံးဖြစ်မည့် ရတနာပုံခေတ်ဟန် ဘူမိဖသသပုံစံဖြင့် တည်ထားနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။


မြန်မာတို့အတွက် ဂုဏ်ယူဖွယ်ရာ မြန်မာတို့ ရွှေထီးဆောင်းစဉ်အခါက ရတနာပုံခေတ်ဟန်ကို အသုံးပြု ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား လက်ထက်က မြန်မာတို့အနေဖြင့် ဘုန်းမီးနေလ ထွန်းတောက်ခဲ့ပြီး အမျိုး၊ ဘာသာ၊ သာသနာကို မြှင့်တင်နိုင်ခဲ့သည့် ရှေးမြန်မာမင်းဆက်တို့၏ တိမ်မြုပ်ခဲ့ရသော အစဉ်အလာကောင်းများကို ပြန်လည်ဖော်ထုတ် လက်ဆင့်ကမ်းနိုင်ရန် တစ်နည်းအားဖြင့် ကိုလိုနီလက်အောက်တွင် နှစ်ပေါင်း ၁၀၀ ကျော် တိမ်မြုပ်ပျောက်ကွယ်နေသည့် မြန်မာ့ဟန်၊ မြန်မာ့ဇာတိမာန်နှင့် သာသနာ့အမွေတို့ကို တစုတစည်းတည်း ပြန်လည်ပေါ်ထွန်းလာစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ **“မာရဝိဇယ”**ဟူသည့် ဘွဲ့အမည်ကို ဆက်ကပ်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာသိရှိခွင့်ရခဲ့ပါသည်။

**ပင့်ဆောင်ပုံလမ်းကြောင်းအဆင့်ဆင့်**

ဆင်းတုတော်အကြမ်းထည် စကျင်ကျောက်တုံးတော်ကြီးအား နေပြည်တော်သို့ စတင်ပင့်ဆောင်ရေးစီမံရာတွင် ထုထည်ပမာဏ ကြီးမားသောကြောင့် မူလဉာဏ်တော်အမြင့်ကို မထိခိုက်စေဘဲ အစိတ်အပိုင်း ၄ ပိုင်းခွဲ၍ လည်းကောင်း၊ ပလ္လင်တော်ကို အစိတ်အပိုင်း ၅ ပိုင်းခွဲ၍ လည်းကောင်း အပိုင်းလိုက်ဖြတ်တောက်သယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ရကြောင်း၊ ကျောက်တုံးတော်များအား ပင့်ဆောင်ရာတွင် စကျင်တောင်မှ နေပြည်တော်သို့ ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် အဆင့်ဆင့် ပင့်ဆောင်ခဲ့ရကြောင်း ရင်သပ်ရှုမောဖွယ် သိရှိခဲ့ရပါသည်။

စကျင်တောင်မှ မြောင်မြစ်အထိ အကျယ်ထိပ်ဝ ပေ ၁၂၀၊ အောက်ခြေ ပေ ၉၀၊ တာပေါင်အမြင့် ပေ ၄၀ ရှိ တူးမြောင်းဖောက်လုပ်၍ ၎င်းမှတစ်ဆင့် ဧရာဝတီမြစ်ကြောင်းအတိုင်း မြင်းခြံမြို့နယ်ရှိ ဆီမီးခုံဆိပ်ကမ်းသို့ ပထမအဆင့် ပင့်ဆောင်ခဲ့ရပြီး စကျင်ကျောက်တော်ကြီး ရေကြောင်းမှသယ်ယူပို့ဆောင်ရေးခရီးစဉ် အစမှအဆုံး ၁၁-၆-၂၀၂၀ ရက်နေ့မှ ၂၃-၉-၂၀၂၀ ရက်နေ့အထိ ရက်ပေါင်း ၁၀၅ ရက် ကြာမြင့်ခဲ့ကြောင်း၊ ဆီမီးခုံဆိပ်ကမ်းမှ စကားအင်းအဝိုင်းအကြား ကျောက်တုံးတော်ကြီးများ ချောမွေ့စွာ သယ်ယူနိုင်ရေး ၂၂ မိုင် ၅ ဖာလုံအရှည်ရှိသောလမ်းကို ဖောက်လုပ်ခဲ့ရပြီး ၂၅-၁-၂၀၂၁ ရက်နေ့ မှစ၍ မန္တလေး-ရန်ကုန် အမြန်လမ်းမကြီး အတိုင်း Modular Trailer များဖြင့် ယခုတည်ထားကိုးကွယ်မည့် ဗုဒ္ဓဉယျာဉ်တော်နေရာသို့ အဆင့်ဆင့်ပင့်ဆောင်ခဲ့ရကြောင်း၊ ကုန်းလမ်းခရီးဖြင့် သယ်ယူရာတွင် စုစုပေါင်း ၇ ခေါက်၊ တန်ချိန်အားဖြင့် ၇၆၃၂ တန်ကို သယ်ယူခဲ့ရပြီး ကျောက်တုံးတော်ကြီးများ ပင့်ဆောင်ပြီးစီးချိန်တွင် ဖောက်လုပ်ခဲ့သည့် တူးမြောင်းနေရာအား မြေပြန်လည်ဖို့ခြင်းနှင့် အမြန်လမ်းမကြီးတစ်လျှောက်ရှိ ပြုပြင်ခဲ့သည့် By Pass ၈၄ နေရာနှင့် အခြားနေရာများအား မူလအတိုင်း ပြန်လည်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ကျောက်တုံးတော်ကြီးများ ပင့်ဆောင်မှုသည် ကမ္ဘာပေါ်တွင် ရေလမ်းခရီးအရ လည်းကောင်း၊ ကုန်းလမ်းခရီးအရလည်းကောင်း အဝေးဆုံးဖြစ်သကဲ့သို့ အလေးချိန်အရလည်း အများဆုံးအဖြစ် စံချိန်တင် ဆောင်ရွက်နိုင်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။ ယခုဆောင်ရွက်ချက်များသည် ပြည်တွင်းအတတ်ပညာရှင်များဖြင့်သာ ဆောင်ရွက်ခြင်းဖြစ်သည်ဟု သိရှိရသည့်အတွက် မြန်မာတို့၏ ထိုးထွင်းကြံဆမှုနှင့် တီထွင်လုပ်ကိုင်နိုင်စွမ်းကို မြန်မာနိုင်ငံသားတစ်ဦးပီပီ ဂုဏ်ယူစိတ်များ တဖွားဖွားပေါ်ပေါက်ခဲ့ရပါသည်။





ဆင်းတုတော် အပိုင်း(၁၊ ၂၊ ၃၊ ၄) အား ရတနာပလ္လင်ထက်သို့ ပင့်ဆောင်စဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အဝေးမှဖူးတွေ့ရစဉ်။

တပ်မတော်အနေဖြင့် ယခင်အစိုးရလက်ထက်ကတည်းကပင် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားခြင်းနှင့် နိုင်ငံရေးအရ အကျပ်အတည်းဖြစ်ပေါ်ခြင်း စသည့်အခြေအနေ အခက်အခဲအမျိုးမျိုးများကြားမှ ကမ္ဘာပေါ်တွင် ဗုဒ္ဓသာသနာ ရောင်ဝါ ထွန်းလင်းပြန့်ပွားစေရန်၊ ပြည်သူအများ စိတ်အေးချမ်းကြည်လင်စွာနှင့် ကြည်ညိုသဒ္ဓါပွားများစေရန် စတင်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။ တပ်မတော်သည် ထိုအခက်အခဲများကို မဆုတ်မနစ် ရင်ဆိုင်ကျော်လွှားကြိုးပမ်းနိုင်မှုမရှိခဲ့လျှင် စကျင်ကျောက်တောင်ရှိ မူလနေရာတွင် ကျောက်တုံးကြီးအနေဖြင့်သာ ရှိနေမည်ဖြစ်ပြီး ယခုကဲ့သို့ ဗုဒ္ဓဘာသာဝင်တို့၏ ကြည်ညိုဖွယ်ကောင်းသော အထွတ်အမြတ်ထား ကိုးကွယ်ရာနှင့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဗုဒ္ဓရုပ်ပွားတော်ကြီး ဖြစ်လာနိုင်စရာ အကြောင်းတရား ရှိမည်မဟုတ်ပေ။ ယခုအချိန်တွင်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတို့၏ အထင်ကရဘုရားတစ်ဆူအဖြစ် မင်းနေပြည်တော်တွင် ခမ်းနားထည်ဝါသပ္ပာယ်စွာဖြင့် စံမြန်းတည်ရှိနေပြီဖြစ်ပါသည်။

**ရုပ်ပွားတော်မြတ်ကြီးအား ထုဆစ်ပူဇော်ပုံအဆင့်ဆင့်**

နေပြည်တော်သို့ ရောက်ရှိလာသည့် ကျောက်တုံးတော်ကြီးများကို အဆင့်မြင့်နည်းပညာဖြစ်သည့် CNC Machine များဖြင့် ပုံဖော်ထုဆစ်ခြင်းလုပ်ငန်းများကို ကျွမ်းကျင်ပညာရှင်များ၊ ခေတ်မီစက်ကိရိယာများဖြင့် နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားမည့်နေရာတွင် တန် ၂၀၀၀၀ ခံနိုင်ရည်ရှိသည့် အောက်ခံခုံတည်ဆောက်နိုင်ရန်အတွက် Bored Piles များ ရိုက်ပြီး ဆောင်ရွက်ခဲ့ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ချိန်တွင် နိုင်ငံခြားသာသနာပြုအဖွဲ့တစ်ဖွဲ့ ရောက်ရှိလာပြီး ဆွေးနွေးစဉ်က ကျောက်တုံးတော်ကြီးကို ပင်လယ်ရေလမ်းကြောင်းမှ သယ်ယူသွားပြီး ထုဆစ်ရန်မှာ အလွန်ခက်ခဲသည့်ကိစ္စတစ်ရပ်ဖြစ်ကြောင်း၊ ဆန္ဒရှိသော်ငြား လက်တွေ့လုပ်ဆောင်ရန် ခဲယဉ်းသဖြင့် ၎င်းတို့နိုင်ငံ၌သာ Plaster Statue နည်းလမ်းဖြင့် ထုလုပ်ကိုးကွယ်ရန် ဆုံးဖြတ်ခဲ့ရကြောင်း ဗဟုသုတအနေဖြင့် ကြားသိရပါသည်။ လက်တွေ့ဆောင်ရွက်ရာတွင်လည်း ပြည်ပ ပညာရှင်များ လုံးဝပါရှိခြင်းမရှိဘဲ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် တပ်မတော်သား အင်ဂျင်နီယာများဖြင့်သာ ဆောင်ရွက်ခဲ့ခြင်း၊ သာသနာပြု စိတ်အားထက်သန်သော ဗုဒ္ဓဘာသာဝင်အများစုရှိသော နိုင်ငံဖြစ်ခြင်း၊ ကြီးမားသည့် စကျင်ကျောက်တောင်ကြီးတည်ရှိနေခြင်း၊ ဦးစီးဦးဆောင်ပြုသည့် ဦးဆောင်ဒါယကာနှင့် အလှူရှင်အများစု၏ သဒ္ဓါတရားပြည့်စုံခြင်း စသည့် အကြောင်းအချက်များ ပြည့်စုံ၍ ဖြစ်ပေါ်လာခြင်းဖြစ်ပြီး နောင်အနှစ် ၂၀၀ အတွင်း ယခုကဲ့သို့ ဘုရားကြီးတစ်ဆူ ဖြစ်တည်လာနိုင်ရန် ခဲယဉ်းကြောင်း လုပ်ငန်းခွင်သို့ လာရောက်လေ့လာဖူးမြော်သည့် နိုင်ငံခြား အဆင့်မြင့်အရာရှိကြီးတစ်ဦးက မှတ်ချက်ပြုခဲ့သည်ကိုလည်း ကြားသိခဲ့ရပါသည်။

**ဆင်းတုတော် အပိုင်း(၁၊ ၂၊ ၃၊ ၄) အား ရတနာပလ္လင်ထက်သို့ ပင့်ဆောင်ခြင်း**

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃) တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီးကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့ မင်္ဂလာအချိန်တွင် ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ခဲ့ကာ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ပလ္လင်တော်ထက်သို့

*စာမျက်နှာ ၈ သို့*

**❝ မြန်မာတို့အတွက် ဂုဏ်ယူဖွယ်ရာ မြန်မာတို့ ရွှေထီးဆောင်းစဉ်အခါက ရတနာပုံခေတ်ဟန်ကို အသုံးပြုဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားလက်ထက်က မြန်မာတို့အနေဖြင့် ဘုန်းမီးနေလ ထွန်းတောက်ခဲ့ပြီး အမျိုး၊ ဘာသာ၊ သာသနာကို မြှင့်တင်နိုင်ခဲ့သည့် ရှေးမြန်မာမင်းဆက်တို့၏ တိမ်မြုပ်ခဲ့ရသော အစဉ်အလာကောင်းများကို ပြန်လည်ဖော်ထုတ်လက်ဆင့်ကမ်းနိုင်ရန် တစ်နည်းအားဖြင့် ကိုလိုနီလက်အောက်တွင် နှစ်ပေါင်း ၁၀၀ ကျော် တိမ်မြုပ်ပျောက်ကွယ်နေသည့် မြန်မာ့ဟန်၊ မြန်မာ့ဇာတိမာန်နှင့် သာသနာ့အမွေတို့ကို တစုတစည်းတည်း ပြန်လည်ပေါ်ထွန်းလာစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့၊ “မာရဝိဇယ”ဟူသည့် ဘွဲ့အမည်ကို ဆက်ကပ်ခဲ့ခြင်းဖြစ် ❞**

*စာမျက်နှာ ၇ မှ*





မန္တလေးမြို့ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားရှိ ပိဋကတ်ကျောက်စာရုံများ။





နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ကျောက်စာရုံစေတီများ။

အောင်မြင်စွာ ပင့်ဆောင်ပူဇော်ခြင်း၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ဆင်းတုတော် အပိုင်း(၄)ကို ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားများကို ကျင်းပပြုလုပ်ခဲ့ပါသည်။ ရုပ်ပွားတော်မြတ်ကြီးသည် ဉာဏ်တော်အမြင့် ၆၃ ပေ၊ ပလ္လင်တော်အမြင့် ၁၈ ပေ စုစုပေါင်း ၈၁ ပေ အမြင့်ရှိပြီး ဆင်းတုတော်အလေးချိန် ၁၇၈၂ တန်၊ ပလ္လင်တော် အလေးချိန် တန် ၃၅၁၀ **စုစုပေါင်းအလေးချိန် ၅၂၉၂ တန်** ရှိပါသည်။ အဆိုပါ အလေးချိန်မှာ အာကာသယာဉ် (Space Shuttle) များထက် တန်ချိန်ပိုမိုများကာ အလေးချိန်ကို အတိအကျတွက်ချက်ခဲ့ရပြီး ရုပ်ပွားတော်မြတ်ကြီးအား တည့်မတ်ရာတွင်လည်း အမှားအယွင်းမရှိ တွက်ချက်ဆောင်ရွက်နိုင်မှုသည် အံ့သြဖွယ်မှတ်တမ်းတစ်ခုအဖြစ် သမိုင်းတွင်ရစ်မှာဖြစ်ပါသည်။

**ရာသီဥတုနှင့် အခြားသဘာဝဘေးဒဏ်များခံနိုင်ရည်ရှိရေး**

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရာသီဥတုနှင့် အခြားသဘာဝဘေးဒဏ်များ ခံနိုင်ရည်ရှိရေးအတွက် ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နာဂစ်မုန်တိုင်း၏ အပြင်းဆုံး လေတိုက်နှုန်း 120 Mph နှင့် မြန်မာနိုင်ငံတွင် အမြင့်ဆုံးလှုပ်ခတ်နိုင်သည့် ငလျင်လှုပ်ခတ်နှုန်း Earthquake Magnitude 8.7, 8.8 အထိ ခံနိုင်ရည်ရှိစေရန် Steel Rebars များ ထည့်သွင်းအားဖြည့်ထားကာ သမားရိုးကျနည်းလမ်းများနှင့် ခေတ်မီနည်းလမ်းများ ပေါင်းစပ်၍ Composite နည်းပညာအသုံးပြုတွဲဆက်ခြင်းများ ဆောင်ရွက်ထားကြောင်း သိရှိရပါသည်။ နိုင်ငံတော်အကြီးအကဲက ဗုဒ္ဓရုပ်ပွားတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေး အသေးစိတ်စဉ်းစားတွက်ချက် ဆောင်ရွက်ထားချက်များကို ရှင်းလင်းနေစဉ်တွင် အတွေးတစ်ချက်လက်ကမိပါသည်။ ရှေးမြန်မာအဆက်ဆက် တည်ထားခဲ့သော ရှေးဟောင်းစေတီပုထိုးများသည် ခေတ်အဆက်ဆက်က သဘာဝဘေး၊ စစ်ဘေးတို့ကို အမျိုးမျိုးကျော်ဖြတ်ခဲ့ရင်း လက်ရှိအချိန်တွင် ကမ္ဘာမှာ မြန်မာဟု ဂုဏ်ယူမြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်ရမည့် မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်အများအဖြစ် လက်ရာများစွာရှိနေခဲ့သည့်အတွက် နောင်လာမည့်မျိုးဆက်များလက်ထက်တွင်လည်း ယခုတည်ထားကိုးကွယ်နေသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် သမိုင်းဝင် သာသနာ့အမွေအနှစ်ကြီး တစ်ခုအဖြစ် အစွန့်ရှည်စွာ ထာဝရတည်တံ့နေမည့်အဖြစ်ကို တွေးကြည့်မိသည့်အခါ ပီတိဖြစ်မိပါသည်။

**ဗုဒ္ဓဥယျာဉ်တော်**

**"ဗုဒ္ဓဥယျာဉ်တော်"** ဟု တင်စားခေါ်ဆိုနိုင်လောက်အောင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အပါအဝင် ကျောက်စာရုံစေတီ၊ မာရဝိဇယကျောင်းတော်၊ သာသနာ့ဗိမာန်တော်ကြီး (သိမ်တော်ကြီး)၊ သံဃာနားနေဆောင်၊ သုဓမ္မာဇရပ်၊ မုစလိန္ဒအိုင်၊ နဂါးရုံဘုရားများ၊ မဟာရံတံတိုင်း၊ မော်ကွန်းတိုက်၊ အဝင်မုခ်ဦး၊ ရွှေလျားစက်လှေကားနှင့် ဂေါပကရုံးတို့ကိုလည်း ပိဋကတ်တော်လာ အဆိုအမိန့်များနှင့် မဟာဗုဒ္ဓဝင်ကျမ်းဂန်တော်များနှင့်အညီ ပြည့်စုံစွာ တည်ထား ကိုးကွယ်ခဲ့သည်ကိုလည်း ကြည်နူးသဒ္ဓါအပြည့်ဖြင့် တွေ့မြင်ခဲ့ရပါသည်။

**ကျောက်စာရုံစေတီများ တည်ထားကိုးကွယ်မှု**

ဗုဒ္ဓဥယျာဉ်တော်အတွင်း မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ရာတွင် ပိဋကတ်သုံးပုံကျမ်းစာမြတ်များကိုပါ တစ်ပါတည်းဖူးမြော်နိုင်ရေး၊ ခေတ်အဆက်ဆက် မှတ်တမ်းကျန်ရှိစေရေးရည်ရွယ်ပြီး ကျောက်စာရုံစေတီများကိုပါ တည်ထားကိုးကွယ်ထားသည်ကို တွေ့မြင်ခဲ့ရပါသည်။ ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာဋီကာကျမ်းစာများသည် ယခင်က မြန်မာအက္ခရာဖြင့်သာ ရှိခဲ့သဖြင့် ကမ္ဘာ၌ ပိုမိုတွင်ကျယ်စေရေးတို့ကို ရည်ရွယ်ပြီး နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီး ၅ ပါးက ကြီးကြပ်ကွပ်ကဲ၍ Romanize Language ဖြင့်ပါ ကျောက်စာ ရေးထိုးနိုင်ခဲ့သည့်အပြင် ပုံနှိပ်ထုတ်ဝေနိုင်သည်အထိပါ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ အဆိုပါ ကျောက်စာရုံစေတီများ တည်ထားရာတွင် ယူနက်စကို ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင်ခဲ့သည့် မန္တလေးမြို့၊ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားရှိပဉ္စသင်္ဂါယနာတင် ပိဋကတ်ကျောက်စာရုံများအား အလေးထားစံပြု၍ တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားရှိ ပဉ္စသင်္ဂါယနာတင်ပိဋကတ်ကျောက်စာရုံများသည် ကျောက်စာချပ်ပေါင်း ၇၂၉ ချပ် စိုက်ထူထားပြီး ယနေ့ထိတိုင် ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးအဖြစ် သမိုင်းဝင်တည်ရှိကြောင်း၊ ယခု မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မျက်နှာမူရာရှေ့တူရူအရပ်တွင် မြတ်ဗုဒ္ဓ၏ သာသနာတော် သုံးရပ်ဖြစ်သည့် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာတို့၏ ဆဋ္ဌသင်္ဂါယနာမူဖြစ်သည့် ပိဋကတ်ဓမ္မကျမ်းစာကျောက်ချပ်ရေ ၁၄၄၀ နှင့် ပင်မကျောက်စာစေတီတွင် မော်ကွန်းကျောက် စာ ၄ ချပ် စုစုပေါင်း ၁၄၄၄ ချပ်ရှိကြောင်း သိရှိရပါသည်။

သမိုင်းမော်ကွန်း ကျောက်စာထားရှိမည့် အလယ်ဗဟိုကျောက်စာရုံစေတီသည် အလျား ၂၀ ပေ၊ အနံ ၂၀ ပေ၊ အမြင့် ၂၇ ပေရှိပြီး အခြားကျောက်စာရုံစေတီများအနေဖြင့် အလျား ၁၂ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၁၈ ပေ ရှိမည်ဖြစ်ကာ ကျောက်စာချပ်အနေဖြင့် အလျား ၃ ပေ ၉ လက်မ၊ အမြင့် ၆ ပေ ၃ လက်မ၊ ထု ၇ ဒသမ ၂ လက်မရှိမည်ဖြစ်ပြီး ပါဠိနှင့် ရိုမန်ဘာသာများဖြင့် ပိဋကတ်ကျမ်းစာတော်များကို ရေးထိုးပူဇော်ထားပြီး ဘုရားဖူးလာ မိဘပြည်သူများအပြင် နိုင်ငံတကာလေ့လာသူများပါ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ရာတွင် ကျောက်စာရုံစေတီများအတွင်းရှိ ဘုရားဟောဒေသနာတော်များကို ပါဠိနှင့် ရိုမန်ဘာသာများဖြင့် ပြည့်စုံစွာ ကြည်ညိုလေ့လာနိုင်ရေး စီမံဆောင်ရွက်ထားကြောင်း တွေ့ရှိရပါသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်အား တောင်ဘက်မှနေ၍ မြောက်ဘက်သို့ မျက်နှာမူထားပြီး တည်ထားကိုးကွယ်မည် ဖြစ်ပါသည်။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မျက်နှာတော် ရှေ့တည့်တည့်တွင် မြတ်စွာဘုရား၏ နှုတ်ကပါဌ်တော်များအား ကျောက်စာရုံစေတီအတွင်း ထည့်သွင်းထားသည်ကို တွေ့မြင်ခဲ့ရသည့်အတွက် မြတ်ဗုဒ္ဓ၏ နှုတ်ကပါဌ်တော်များသည် မြတ်စွာဘုရား၏ မျက်လုံးတော်အောက်တွင် တည်ရှိနေသကဲ့သို့ ခံစားမိပြီး ကြည်နူးပီတိဖြစ်ကာ ကုသိုလ်စိတ်များ တဖွားဖွား ပိုမိုတိုးပွားခဲ့ရပါသည်။

**သုဓမ္မာဇရပ်နှင့် အောင်မြေ**

ဘုရားကြီးပေါ်သို့ တက်ရောက်ဖူးမြော်ကြည်ညိုချိန်တွင် သုဓမ္မာဇရပ်များ၊ ကျောက်စာရုံစေတီတော်များ၊ ရေပန်းကြီး၊ ရေပန်းငယ်များဖြင့် တင့်တယ်ဝေဆာလျက်ရှိပြီး ဘုရားဖူးရာလမ်းတစ်လျှောက် မြတ်ဗုဒ္ဓအရိပ်အာဝါသ၏



မန္တလေးတောင်ခြေရှိ မင်းတုန်းမင်း၏ ကောင်းမှုတော်ဖြစ်သော သုဓမ္မာဇရပ်များ။



နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ သုဓမ္မာဇရပ်များ။

*စာမျက်နှာ ၉ သို့*



နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ နဂါးရုံဘုရားအား တွေ့ရစဉ်။

*စာမျက်နှာ ၈ မှ*

အေးမြမှု၊ စကျင်ကျောက်၏ အေးမြမှုများကြောင့် ဘုရားဖူးဓမ္မမိတ်ဆွေများ၏ စိတ်အစဉ်ကို အေးမြကြည်လင်စေလျက်ရှိပါသည်။ သုဓမ္မာဇရပ်များသည် ကျွန်းတိုင်များ အသုံးပြု၍ မြန်မာမှုလက်ရာများဖြင့် ရှေးမှုမပျက် ဆောက်လုပ်ထားခြင်းဖြစ်ရာ စာရေးသူငယ်ငယ်က မန္တလေးတောင်ခြေသို့သွားရင်း တစ်ထောက်နားချိန် ဆွေမျိုးများ၊ မိသားစုများနှင့်အတူ လက်ဆုံစားခဲ့သော ရတနာပုံမြို့တည် မင်းတုန်းမင်း၏ သုဓမ္မာဇရပ်များအား ပြန်လည်အမှတ်ရမိနေပါသည်။ ထို့အပြင် ဘုရားပေါ်ရှိ မဟာအောင်မြေမှာလည်း မြန်မာပြည်အရပ်ရပ်ရှိ တန်ခိုးကြီးဘုရားအဆူဆူတို့၏သမိုင်းဝင်အောင်မြေများမှရရှိသော အောင်မြေများအားလုံးကို စုစည်းထားသဖြင့် **သာသနာ့အောင်မြေ** (သို့မဟုတ်) **မြန်မာ့အောင်မြေ**အဖြစ် တွေ့မြင်ရမည်ဖြစ်ပါသည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်သို့ သွားရောက်ဖူးမြော်ရာ၌ အသက်အရွယ်ကြီးရင့်သူ အဘိုးအဘွားများ၊ နာမကျန်းသူများ၊ လမ်းလျှောက်ရန် ခက်ခဲသူများပင် အမိုးအကာရှိသော စက်လှေကားဖြင့် သက်သောင့်သက်သာ စီးနင်းလိုက်ပါနိုင်သည့်အတွက် အသက်အရွယ်မရွေး စိတ်ဆန္ဒရှိတိုင်း ဖူးမြော်ကြည်ညိုနိုင်ရေး ဘက်ပေါင်းစုံမှ စဉ်းစားတည်ဆောက်ထားကြောင်း တွေ့ရှိခဲ့ရပါသည်။

**သစ်ပင်ပန်းမန် စိုက်ပျိုးထားရှိမှု၊ မင်္ဂလာတံတားနှင့် သာသနာ့ဗိမာန်တော်ကြီးများ တည်ဆောက်ထားရှိမှုအခြေအနေ**

ၾငင်းအပြင် ဥယျာဉ်တော်ကြီးအတွင်း ရာသီမရွေး သာယာလှပစေရေးအတွက် ကျည်းပင်၊ အိန္ဒိယနိုင်ငံမှရရှိထားသည့် ဗောဓိညောင်ပင်နှင့် လုမ္ဗိနီအင်ကြင်းပင်များ၊ လင်းလွန်းတောအုပ်၊ ကံ့ကော်ပင် ၁၀၀၀ စသည့် သစ်ပင်ပန်းမန်များစိုက်ပျိုးထားပြီး ပြည်သူအများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား စိတ်လက်ကြည်လင်စွာဖြင့် ဖူးမြော်နိုင်တော့မည်ဖြစ်သည်။ မာရဝိဇယဥယျာဉ်တော်အတွင်းရှိ သဘာဝချောင်းကို ချောင်းဖြောင့်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ပြီး မန္တလေး ရတနာပုံခေတ် မင်္ဂလာတံတားပုံစံအတိုင်းတည်ဆောက်ထားသည်ကိုလည်း တွေ့မြင်ခဲ့ရပါသည်။ ၎င်းအပြင် ဆင္ဌသင်္ဂါယနာတင်ပွဲအခမ်းအနား ပြုလုပ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးကဲ့သို့သော သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ ကျင်းပပြုလုပ်နိုင်သည့် သာသနာ့ဗိမာန်တော်ကြီးတစ်ခုကိုလည်း သုဓမ္မာဇရပ်များနှင့်အပြိုင် တည်ဆောက်ထားရှိပြီး သံဃာအပါး ၉၀၀၀၊ လူပရိသတ် ၁၂၀၀ ဖြင့် စုစုပေါင်း ၂၁၀၀ ဝင်ဆံ့ကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် သာသနာ့ဗိမာန်တော်ကြီးရှိ နောင်တော်ကြီးရုပ်ပွားတော်နှင့် ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းပြောကြားရာတွင် ဆင်းတုတော်ကြီး ထုဆစ်ရာ၌ ဦးစွာ ၉ ပေ အရွယ်ရှိ ကျောက်ဆစ်ရုပ်ပွားတော်ကို နမူနာထုဆစ်ခဲ့ပြီး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း ကြားသိခဲ့ရပါသည်။

**မုစလိန္ဒအိုင်**

မုစလိန္ဒအိုင်ကိုလည်း သမိုင်းအထောက်အထားများ၊ ဆရာတော်ကြီးများ၏ ဩဝါဒများနှင့်အညီ တည်ဆောက်လျက်ရှိပြီး နဂါးရုံဘုရားအား တည်ထားပူဇော်ရာတွင် ဗုဒ္ဓကျမ်းဂန်များအရ နဂါးမင်းက မိုးဒဏ်လေဒဏ်ကာကွယ်ရန် မြတ်ဗုဒ္ဓအား အပြင်ဘက်မှ ၇ ခွေ ရစ်ပတ်၍ ပါးပျဉ်းမိုးသည့်ပုံစံဖြင့် လက်ရာမြောက်စွာ ထုလုပ်ထားသည်ကို ကြည်ညိုစွာ ဖူးမြော်ခဲ့ရပါသည်။ ဗုဒ္ဓဥယျာဉ်တော်ကြီး တည်ဆောက်ပြီးစီးချိန်တွင် ဂေါပကဆရာတော်ကြီးများ သီတင်းသုံးနေထိုင်နိုင်ရေး ကျောင်းဆောင်တော်ကိုလည်း တင့်တယ်ခမ်းနားစွာ တည်ဆောက်ထားပါသေးသည်။

**မူလအစီအစဉ်တွင်မပါဝင်သော အလှူငွေလှူဒါန်းခြင်း**

တိုင်းပြည်ရတနာ (၉)ပါးမှာ (၁)ပြည့်ဦးကင်း (တိုင်းရေးပြည်ရာကို စီမံဆောင်ရွက်ပေးနိုင်သူ မှူးကြီးမတ်ရာများ)၊ (၂) ပြည့်တံခွန် (သီလဝန္တ ပညာဝန္တ ရဟန်းတော်များ)၊ (၃) ပြည့်မျက်စိ (လိမ္မာကျွမ်းကျင်ကုန်သော ဆေးဆရာ၊ ဟူးရား ဗေဒင်ဆရာ၊ စက်ယန္တရားဆရာများ)၊ (၄) ပြည်၏နား(သစ္စာရှိသောသူလျှိုများ)၊ (၅) ပြည့်အစွယ် (သူရသတ္တိရှိကြသည့် မင်းညီမင်းသား မင်းဆွေမျိုးများ)၊ (၆) ပြည်ကြီးမျက်နှာ (ရုပ်ရည်ချောမောသည့်လှမျိုးမယ်များ)၊ (၇) ပြည်၏ဝမ်းဗိုက် (စားနပ်ရိက္ခာနှင့် ဥစ္စာပေါများသော သူဌေးသူကြွယ်များ)၊ (၈) ပြည်၏ခြေ (စစ်သည်ဗိုလ်ပါအပေါင်းနှင့် ယာဉ်မျိုးစုံ)၊ (၉) ပြည်၏လက် (ခဲယမ်းမီးကျောက်၊ အမြောက်၊ သေနတ် စသော လက်နက်စုံ) တို့ဟူ၍ မှတ်သားဖူးပါသည်။ ထိုရတနာ (၉) ပါးကို မည့ဉ်းပန်း၊ မနိပ်စက်ရာဟုလည်း ဆိုဆုံးမစကားတို့ ရှိခဲ့ဖူးပါသည်။ ယခုအခါတွင်လည်း ဦးဆောင်ဘုရားဒါယကာဖြစ်သော နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှု အခြေအနေနှင့် ပတ်သက်၍ **ဓမ္မမိတ်ဆွေများကို အမျိုးဘာသာ၊ သာသနာအတွက်သော် လည်းကောင်း၊ နိုင်ငံတော်၏ လူမှုစီးပွားဘဝတိုးတက်စေရေးအတွက် လည်းကောင်း တစ်စိတ်တစ်ပိုင်းတွင် ပါဝင်ထမ်းဆောင်နေကြသူများ၊ နိုင်ငံဂုဏ်ကို ဆောင်နေကြသူများဖြစ်သဖြင့်** အသိပေးရှင်းလင်းပြသပေးခြင်းဟုသိရှိရသဖြင့် ပြည့်ဝမ်းဗိုက်နှင့်တူသော ပုဂ္ဂိုလ်များကို ချီးမြှင့်မြောက်စားခြင်းပင်ဖြစ်ကြောင်း စာရေးသူစိတ်ထဲတွင် အသိတစ်ခုဝင်ခဲ့ပါသည်။ အခမ်းအနားကိုတက်ရောက်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်ကြီးနှင့် ပတ်သက်၍ အံ့ဩမှင်တက်ဖွယ်၊ မထင်မှတ်ဖွယ် အခက်အခဲများအား ကျော်ဖြတ်ခဲ့ရပုံများကို ရုပ်ပုံများ၊ Vedio Clip များဖြင့် မျက်ဝါးထင်ထင် တွေ့မြင်ကြားသိရသည့် အချိန်တစ်ခဏအတွင်း ကြည်ညိုသဒ္ဓါပွားများစိတ်များ တဖွားဖွားပေါ်ပေါက်လာသည့်အတွက် မိမိတို့တတ်နိုင်သည့် တစ်ထောင့်တစ်နေရာမှနေ၍ တိုင်းပြည်အကျိုးသယ်ပိုးလိုသည့်စိတ်၊ ဘာသာတရားကို ကိုးကွယ်ယုံကြည်သောစိတ်တို့ဖြင့် အလှူငွေများ လှူဒါန်းလိုကြောင်း တင်ပြခဲ့ခြင်းဖြစ်ပါသည်။ ထို့အတွက် ချက်ချင်းဆိုသလိုပင် အလှူရှင်များအတွက် ကြားဖြတ်အစီအစဉ် ပြုလုပ်ပေးခဲ့ပြီး အလှူရှင် ၁၀၁ ဦးမှ လှူဒါန်းမှုစုစုပေါင်းမှာ ငွေကျပ် ၁၆၁၇၇ သန်း (၁၆ ဒသမ ၁၇၇ ဘီလီယံ) လှူဒါန်းခဲ့ကြသည့် ထိုအခိုက်အတန့်သည် မြန်မာတို့၏ ဗုဒ္ဓသာသနာတော်အတွက် တန်ဖိုးမဖြတ်နိုင်သော မွန်မြတ်သည့်စိတ်ထားများအဖြစ် သမိုင်းတွင်စေခဲ့ပြီဖြစ်ပါသည်။

**အလှူရှင်တစ်ဦး၏ပီတိ**

တည်ဆောက် ပြီးစီးနေသည့် သာသနိကအဆောက်အဦများကို နိုင်ငံတော် အကြီးအကဲကိုယ်တိုင် လိုက်လံရှင်းလင်းပြသစဉ်အချိန်အတွင်း စာရေးသူအပါအဝင် အလှူရှင်များအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရှုထောင့်အမျိုးမျိုးမှ ဖူးမြော်ရင်း မိမိလှူဒါန်းခဲ့သည့် ရာသက်ပန်ကုသိုလ်အလှူအတွက် တုန္နိုင်းဖွယ်မရှိသော ပီတိအေးမြမှုကို အပြည့်အဝ ရရှိခံစားခဲ့ရပါသည်။

အချုပ်အားဖြင့်ဆိုသော် ရည်ရွယ်ချက်ကောင်းများဖြင့် တည်ထားကိုးကွယ်ခဲ့သည့် **မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီးအား အောင်မြင်စွာတည်ဆောက်ပြီးစီးပြီး တည်ထားကိုးကွယ်ချိန်မှစ၍ အမျိုးဘာသာ၊ သာသနာနှင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်ကောင်းမွန်လာစေမည်...** ဟုလည်း သက်ဝင်ယုံကြည်မျှော်လင့်မိပါသည်။ တစ်ချိန်က ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ရွှေထီးဆောင်းခဲ့ကြသည့် ရတနာပုံခေတ် မြန်မာဟန်၊ မြန်မာမာန်တို့ဖြင့် ထုံမွမ်းထားသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များသည်လည်း မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်အတူ ပြန်လည်ထွန်းလင်း တောက်ပလာတော့မည်မှာ မလွဲကေန်ဖြစ်ပါသည်။

ရှေးမြန်မာ့ယဉ်ကျေးမှုလက်ရာများကို ပြန်လည်ထုတ်ဖော်တည်ဆောက်ခဲ့သည့် ဘုရားပုထိုး ကျောင်းကန်များ၏

*စာမျက်နှာ ၁၀ သို့*

**❝ ရုပ်ပွားတော်မြတ်ကြီးသည် ဉာဏ်တော်အမြင့် ၆၃ ပေ၊ ပလ္လင်တော် အမြင့် ၁၈ ပေ စုစုပေါင်း ၈၁ ပေ အမြင့်ရှိပြီး ဆင်းတုတော်အလေးချိန် ၁၇၈၂ တန်၊ ပလ္လင်တော် အလေးချိန် တန် ၃၅၁၀ စုစုပေါင်း အလေးချိန် ၅၂၉၂ တန် ရှိပါသည်။ အဆိုပါ အလေးချိန်မှာ အာကာသယာဉ် (Space Shuttle)များထက် တန်ချိန်ပိုမိုများကာ အလေးချိန်ကို အတိအကျတွက်ချက်ခဲ့ရပြီး ရုပ်ပွားတော်မြတ်ကြီးအား တည့်မတ်ရာတွင်လည်း အမှားအယွင်းမရှိ တွက်ချက်ဆောင်ရွက်နိုင်မှုသည် အံ့ဩဖွယ်မှတ်တမ်းတစ်ခုအဖြစ် သမိုင်းတွင်ရစ်မှာဖြစ် ❞**

**❝ ဗုဒ္ဓဥယျာဉ်တော်အတွင်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ရာတွင် ပိဋကတ်သုံးပုံကျမ်းစာမြတ်များကိုပါ တစ်ပါတည်း ဖူးမြော်နိုင်ရေး၊ ခေတ်အဆက်ဆက် မှတ်တမ်းကျန်ရှိစေရေး ရည်ရွယ်ပြီး ကျောက်စာရုံစေတီများကိုပါ တည်ထားကိုးကွယ်ထားသည်ကို တွေ့မြင်ခဲ့ရ၊ ပိဋကတ်သုံးပုံပါဠိတော် အဋ္ဌကထာဋီကာကျမ်းစာများသည် ယခင်က မြန်မာအက္ခရာဖြင့်သာရှိခဲ့သဖြင့် ကမ္ဘာ၌ ပိုမိုတွင်ကျယ်စေရေးတို့ကို ရည်ရွယ်ပြီး နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီး ၅ ပါးက ကြီးကြပ်ကွပ်ကဲ၍ Romanize Language ဖြင့်ပါ ကျောက်စာရေးထိုးနိုင်ခဲ့သည့်အပြင် ပုံနှိပ်ထုတ်ဝေနိုင်သည်အထိပါ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရ ❞**

*စာမျက်နှာ ၉ မှ*

ကြီးကျယ်ခမ်းနားမှုကို အံ့သြမဆုံးဖြစ်ခဲ့ရသလို ယခုကဲ့သို့ အင်မတန်ကြီးကျယ်ခမ်းနားပြီး ကမ္ဘာပေါ်တွင် ဗုဒ္ဓသာသနာအတွက် အမြင့်မြတ်ဆုံးတစ်နေရာ (Holy Place) အဖြစ် ပေါ်ထွန်းလာမည့် ဗုဒ္ဓရုပ်ပွားတော်ကြီး ရာနှုန်းပြည့်ပြီးစီးနိုင်ရေးအတွက် တည်ဆောက်နေဆဲကာလတွင် လှူဒါန်းခွင့်ရသဖြင့် တစ်နည်းဆိုရသော် ရှေးဦးအလှူရှင် (Founder) ဘုရားဒါယကာ၊ ဒါယိကာမများအဖြစ် လှူဒါန်းခွင့်ရရှိခဲ့သဖြင့် သာသနာ့မှတ်တမ်းတစ်ခု စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ပြီး မိမိတို့၏ နောင်လာနောက်သားများအတွက်ပါ ဓမ္မအမွေပေးဆပ်နိုင်မည့် လက်ဆင့်ကမ်း ရာသက်ပန်ကုသိုလ်အလှူတစ်ခုအဖြစ် ကြည်နူးသဒ္ဓါပီတိပွားများကာ သာဓုအကြိမ်ကြိမ် ခေါ်ဆိုမိပါကြောင်း ရေးသားလိုက်ရပါသည်။ ။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အဝေးမှဖူးတွေ့ရစဉ်။

# ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအနေဖြင့် သွင်းအားစုများကို စိုက်ပျိုးရာသီချိန်အမီ ရရှိရေး၊ အရည်အသွေးပြည့်မီစွာ၊ ဈေးနှုန်းသက်သာစွာ ဝယ်ယူအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၇

**ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ ကိုယ်စားလှယ်များ၊ ဦးဆောင်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအနေဖြင့် တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် လိုအပ်သော သွင်းအားစုများကို စိုက်ပျိုးရာသီချိန်အမီ ရရှိရေး၊ အရည်အသွေး ပြည့်မီစွာ၊ ဈေးနှုန်းသက်သာစွာ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ဦးဆောင်ကော်မတီအနေဖြင့် မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များအသင်းနှင့် ညှိနှိုင်းပြီး သွင်းအားစုရည်ညွှန်းဈေးနှုန်းများ ထုတ်ပြန်ပေးလျက်ရှိရာ ရန်ကုန်အထိုင် ဈေးနှုန်းနှင့် ပုံမှန်ရောင်းဈေးနှုန်းများအဖြစ် ဇူလိုင် ၁ ရက်မှ ၁၅ ရက်အထိ ယူရီးယား (အလုံးကြီး)ကီလို ၅၀ တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀ ၊ ယူရီးယား(အလုံးသေး)ကီလို ၅၀ တစ်အိတ်လျှင် ငွေကျပ် ၆၈၀၀၀၊ ကွန်ပေါင်းကီလို၅၀ တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ နှုန်းဖြင့် ထုတ်ပြန်ပေးထားပြီး ယခုမိုးစပါးရာသီတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်စီမံကိန်းအတွက် ဇူလိုင် ၁၁ ရက်မှ ၃၁ ရက်အထိ ယူရီးယား (အလုံးကြီး)ကီလို ၅၀ တစ်အိတ်လျှင် ငွေကျပ် ၆၈၀၀၀ ၊ ကွန်ပေါင်း ကီလို ၅၀ တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးနိုင်ရေးအတွက် ရည်ညွှန်းဈေးနှုန်းများကို ထုတ်ပြန်ပေးထားကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ဦးဆောင်ကော်မတီ၏ စိစစ်ထောက်ခံချက်များအရ နိုင်ငံခြားသုံးငွေ ဝယ်ယူရရှိမှု၊ သွင်းကုန်လိုင်စင်ရရှိမှု၊ တင်သွင်းရောက်ရှိမှု၊ ဖြန့်ဖြူးရောင်းချပြီးစီးမှုအခြေအနေများနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြသည်။



ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်နှင့် ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်တို့က ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး လုပ်ငန်းဆိုင်ရာများကို ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Noriko Takagi နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည် လက်ခံရေးအတွက် ဝန်ကြီးဌာန နှင့် UNHCR တို့အကြား (MoU) သက်တမ်းကျော်လွန်မှု အခြေအနေနှင့် MoU အသစ် လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ရန် နှစ်ဦးနှစ်ဖက် စောင့်ထိန်းရမည့် တာဝန်များ၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ ထပ်မံချုပ်ဆိုမည့် MoU အသစ်တွင် ပြင်ဆင်၊ ဖြည့်စွက်၊ အတည်ပြုနိုင်မည့် အသုံးအနှုန်းများနှင့် ပတ်သက်၍ နှစ်ဖက်ညှိနှိုင်းကာ အမြန်ဆုံးပြုစုပေးနိုင်ရေး၊ ယင်းကာလအတွင်း ဌာနေကိုယ်စားလှယ်အပါအဝင် UNHCR မှ နိုင်ငံခြားသားများ၏ ဗီဇာနေခွင့် သက်တမ်း တိုးမြှင့်ပေးနိုင်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်ကို မြန်မာနိုင်ငံမှ ကြိုးပမ်း ဆောင်ရွက်နေမှုများ အပေါ် သိရှိနားလည်ပြီး အပြုသဘောဆောင်သည့် ပူးပေါင်းကူညီမှုများ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်၊ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း မင်းပြားမြို့နယ်နှင့် မြောက်ဦးမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ကွင်းဆင်းဆောင်ရွက်

**စစ်တွေ ဇူလိုင် ၁၇**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မင်းပြားမြို့နယ်နှင့် မြောက်ဦးမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ကွင်းဆင်းပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းပြားမြို့ ရာမောင်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။





### ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်

တွေ့ဆုံပွဲတွင် မင်းပြားမြို့နယ် ပြန်လည်ထူထောင်ရေးတာဝန်ခံ ဗိုလ်မှူးချုပ် ခင်ဇော်က ဆိုင်ကလုန်းမုန်တိုင်းမိုခါတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် ရှင်းလင်းဆောင်ရွက်ထားရှိမှုနှင့် ကယ်ဆယ်ရေးပစ္စည်းများ စနစ်တကျဖြန့်ဝေထားရှိမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးစိုးမိုးက မင်းပြားမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များက လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တိုးချဲ့မွေးမြူ စိုက်ပျိုးနိုင်ရေး လိုအပ်ချက်များကို တင်ပြကြရာ ဒုတိယဝန်ကြီးများက ရခိုင်ပြည်နယ်အတွင်း မိမိတို့ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပေးနေမှုများနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက နိုင်ငံတော်အကြီးအကဲက မုန်တိုင်းကာလပြီးနောက် ရခိုင်ပြည်နယ်အား ယခင်အခြေအနေထက် သာလွန်ကောင်းမွန်အောင် လုပ်ဆောင်သွားရန် လမ်းညွှန်မှာကြားခဲ့ပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ များစွာဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ ရခိုင်ပြည်နယ်သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်နေသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ အဓိကအားဖြင့် စားရေရိက္ခာဖူလုံရေးသည် အဓိကဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်သည် တည်ငြိမ်အေးချမ်းပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နိုင်သည့် အခြေအနေများစွာရှိနေသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ယခုအချိန်တွင် မြို့နယ်တစ်ခု၊ ကျေးရွာတစ်ရွာ၊ ထုတ်ကုန်တစ်ခု ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနများမှ ဝန်ထမ်းများကလည်း ကွင်းဆင်းကာ ပြည်သူများနှင့် ထိတွေ့ပြီး ပြည်သူများ၏လိုအပ်ချက်များ၊ လိုအပ်သည့် နည်းပညာများကို ပံ့ပိုးကူညီပေးကြစေလိုကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင်များကလည်း ယခုထက်ပိုမိုတိုးချဲ့စိုက်ပျိုးမွေးမြူနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် ပြည်နယ်အတွင်း သစ်ပင်များလဲပြိုခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အရိပ်ရပင်များ၊ လေကာပင်များနှင့် မုန်တိုင်းဒဏ်ခံအပင်များ စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ အလားတူ ကောင်းမွန်လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များကို စားသုံးနိုင်ရန်အတွက် ဟင်းသီးဟင်းရွက် မျိုးစေ့များကိုလည်း ဖြန့်ဝေပေးထားပြီးဖြစ်သည့်အတွက် စိုက်ပျိုးကြစေလိုကြောင်း ပြောကြားသည်။

### ထောက်ပံ့ပစ္စည်းများပေးအပ်

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းပြားမြို့ မင်းဗာကြီးရပ်ကွက်တွင် ဆိပ်ခံချည်းကပ်တံတား ပြန်လည်တည်ဆောက်ရန်နှင့် ကမ်းပြိုထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်မည့် အခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ ဆိပ်ခံတံတားတွင် လေးမြို့မြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့တက်ရောက်ကြပြီး ငါးမျိုးများစိုက်ထည့်ပေးကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဂမ္ဘရာကျေးရွာဓမ္မာရုံ၌ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က ပြန်လည်ထူထောင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် မွေးမြူရေးအသိပညာပေးဟောပြောခြင်းနှင့် ပန်းခင်းစီမံချက် အဆင့်(၂)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုအားပေးကြပြီး မွေးမြူရေးတောင်သူများနှင့် ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်ကာ ကျောင်းသားကျောင်းသူများ ပျော်ရွှင်အေးချမ်းစွာ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ကျောင်းသားကျောင်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြသည်။ **(ဝဲပုံ)**ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းပြားမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသည့် လူနာများကို အားပေးစကားပြောကြားကာ အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြသည်။

### ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းပြားမြို့ ဈေးဟောင်းပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအား ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မင်းပြားမြို့နယ် နရမ်းကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာနက အကျိုးဆောင်တောင်သူများဖြင့် မိုးစပါးမျိုးစေ့ထုတ်ဧက (၁၀၀) စိုက်ခင်း ထွန်ယက်စိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက မင်းပြားမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးမှုနှင့် ဆောင်းသီးနှံများ စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဦးစီးမှူးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုးစပါးထွန်ယက်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ နိုင်ငံတော်က အထွက်နှုန်းကောင်းသည့် မျိုးစပါးများ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးထားမှုနှင့် တောင်သူများအနေဖြင့် အကျိုးရှိအောင် စနစ်တကျစိုက်ပျိုးကြရန်နှင့် သက်ဆိုင်ရာဌာနများကလည်း လိုအပ်သည့် နည်းပညာပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ကြရန် ပြောကြားကာ တောင်သူများနှင့် ကောက်စိုက်လုံမေများအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြသည်။

### စားသောက်ဖွယ်ရာများပေးအပ်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြောက်ဦးမြို့နယ် ပီပင်ရင်းကျေးရွာအုပ်စု လောင်းကြက်ကျေးရွာရှိ မိုးစပါးအထွက်ကောင်းစပါးမျိုးများ စံပြကွက် ဧက ၃၀ ပျိုးထောင်ကာ စိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုအားပေးကြရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက မြောက်ဦးမြို့နယ်အတွင်း မိုခါမုန်တိုင်းကြောင့် ထိခိုက်ခဲ့သည့်ကျေးရွာအုပ်စုများမှ တောင်သူများအား မျိုးစပါးများ ထောက်ပံ့ပြီးစီးမှုနှင့် ထွန်ယက်စိုက်ပျိုးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျေးရွာတောင်သူများနှင့်တွေ့ဆုံပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် လိုအပ်သည့် နည်းပညာနှင့် အကူအညီများပေးနိုင်ရေး ဆွေးနွေးကြကာ တောင်သူများ၏တင်ပြချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့်အနူမကန်မှလက်ဆည်ကန်သို့ရေအကူဖြည့်တင်းခြင်း၊ Pump House ပြောင်းရွှေ့တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွေးမြူရေးလုပ်ငန်းရှင် ဦးလှမြင့်၏ မွေးမြူရေးခြံ၌ နို့စားနွားများ၊ ဆိတ်နှင့် နေဗီယာမြက်များ မွေးမြူစိုက်ပျိုးထားမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြောက်ဦးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ခဲ့သည့် စာသင်ဆောင်များ ပြန်လည်ပြုပြင်ပြီးစီးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြောက်ဦးခရိုင် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြီး ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသည့် ပြည်သူများအား အားပေးစကားပြောကြားပြီး အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**တင်ထွန်း(မြန်/ဆက်)**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# တရားမဝင်ငွေလွှဲလုပ်ငန်းများ လျော့နည်းစေရန်အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရေး သင်တန်းအမှတ်စဉ် (၅) ဖွင့်လှစ်



**နေပြည်တော် ဇူလိုင် ၁၇**

ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရေး သင်တန်း အမှတ်စဉ် (၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းများ၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ (ယာပုံ)

ဗဟိုဘဏ်အနေဖြင့် အဆိုပါသင်တန်းကို အမှတ်စဉ် (၄)အထိ ဖွင့်လှစ်ခဲ့ရာ တက်ရောက်သူ ၂၅၀ အနက် ၁၈၁ ဦး ဖြေဆိုအောင်မြင်ပြီး သင်တန်းဆင်းလက်မှတ်များ ရရှိခဲ့ပြီးဖြစ်သည်။ အဆိုပါသင်တန်းကို ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်ရန် စိတ်ပါဝင်စားသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ငွေရေးကြေးရေးလွှဲပြောင်းပေးချေခြင်းဆိုင်ရာ ကိစ္စရပ်များတွင် AML/CFT ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို သိရှိရှောင်ရှားကြစေရန်၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုနှင့် ပတ်သက်သည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိနားလည်စေရန်၊ ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်လိုသည့် ကုမ္ပဏီများအနေဖြင့် ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာ စည်းမျဉ်းအပိုဒ် ၄ (င)အရ လိုင်စင် လျှောက်ထားရာတွင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရေး သင်တန်း တက်ရောက် ပြီးစီးကြောင်း အထောက်အထား လက်မှတ်တင်ပြရမည်ဖြစ်သဖြင့် သင်တန်းတက်ရောက် အောင်မြင်သူများကို Certificate ချီးမြှင့်ပေးနိုင်ရန်၊ ပြည်ပငွေလွှဲလုပ်ငန်း လိုင်စင်ရပြီးသည်နှင့် လိုင်စင်ရကုမ္ပဏီများအနေဖြင့် ပြည်ပငွေလွှဲလုပ်ငန်း လုပ်ကိုင်ရာတွင် မဖြစ်မနေ သိရှိရမည့် ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာ စည်းမျဉ်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို သိရှိနားလည်စေရန်၊ နိုင်ငံခြားသုံးငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့် လုပ်ငန်းလိုင်စင်လျှောက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များ သိရှိလိုက်နာဆောင်ရွက်စေရန်အတွက် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပါဝင်ဆင်နွှဲခဲ့ကြသည့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများအနက် တစ်ဦးသေဆုံး၊ အသက် ၁၀ နှစ်အောက် ကလေးငယ် သုံးဦးအပါအဝင် ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့ ခုံမင်းကြီးရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၂၀၀ ပါဝင်စိုက်ပျိုးခဲ့ကာ မြို့တွင်းသို့ပြန်လည်ထွက်ခွာလာစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက မြို့၏ မြောက်ဘက်နှင့် တောင်ဘက်တို့မှ နှစ်ဖွဲ့ခွဲ၍ မြို့အတွင်းသို့ လက်လုပ်စိန်ပြောင်းများဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ လာရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် မြို့အတွင်း နေရာအနှံ့အပြားသို့ လက်လုပ်စိန်ပြောင်းဗုံးသီးများ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများအနက် တစ်ဦးသေဆုံးခဲ့ရပြီး အသက် ၁၀ နှစ်အောက် ကလေးငယ် သုံးဦးအပါအဝင် ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ဗန္ဓုလရပ်ကွက်ရှိ ရောင်ခြည်ဦး ဘုန်းတော်ကြီးကျောင်း တံခါးမှန်အချို့ ပျက်စီးခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများကို ဘုတလင်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ခံယူစေလျက်ရှိသည်။

ထိုကဲ့သို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ အပြစ်မဲ့အရပ်သားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများကို ယုတ်မာရက်စက်စွာ လက်လုပ်စိန်ပြောင်းများဖြင့် လာရောက်ပစ်ခတ်ခဲ့သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပါဝင်ဆင်နွှဲခဲ့ကြသည့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများအနက် တစ်ဦးသေဆုံး၊ အသက် ၁၀ နှစ်အောက် ကလေးငယ် သုံးဦးအပါအဝင် ၁၁ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည့် ဖြစ်စဉ်ပြပုံ။





PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပါဝင်ဆင်နွှဲခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ထိခိုက်ဒဏ်ရာရရှိမှုအား တွေ့မြင်ရစဉ်။

## ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



**နေပြည်တော် ဇူလိုင် ၁၇**

ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ဘူးသီးတောင်မြို့ ဦးဥတ္တမ ခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သား အာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကိုပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်း၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် လေကြောင်းလိုင်း ၁၅၀၀ ကျော် ပယ်ဖျက်ခဲ့ရ

**နယူးယောက် ဇူလိုင် ၁၇**

သီတင်းပတ်ကုန်က အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်း၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် ဇူလိုင် ၁၆ ရက် ညနေပိုင်းအထိ လေကြောင်းလိုင်း အဝင်အထွက် ၁၅၀၀ ကျော် ပယ်ဖျက်ခဲ့ရကြောင်း သိရသည်။

မိုးသက်မုန်တိုင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုတို့ကြောင့် နယူးဂျာစီနှင့် နယူးယောက်ရှိ လေဆိပ်ကြီးများတွင် များပြားသည့်လေယာဉ် ပျံသန်းမှု ရပ်နားခြင်းနှင့် လေကြောင်းအရေးပေါ် စီမံခန့်ခွဲမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

နယူးဂျာစီရှိ နီဝက်လိုင်ဘာတီ အပြည်ပြည်ဆိုင်ရာလေဆိပ်သည် လေကြောင်းလိုင်း ၃၆၂ ခုကို ပယ်ဖျက်ခဲ့ရပြီး ဇူလိုင် ၁၆ ရက် ညနေအထိ လေကြောင်းလိုင်း ၃၃၇ လိုင်း ရွှေ့ဆိုင်းခဲ့သဖြင့် သိသိသာသာပယ်ဖျက်မှုနှင့် ကြုံတွေ့ခဲ့ကြောင်း သိရသည်။ နယူးယောက်မြို့ရှိ ဂျွန်အက်ဖ်ကင်နေဒီအပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းလိုင်း ၃၁၈ လိုင်းကို ပယ်ဖျက်ခဲ့ရပြီး လေကြောင်းလိုင်း ၄၂၆ လိုင်းရွှေ့ဆိုင်းခဲ့ရကြောင်း သိရသည်။

မြို့ရှိ အခြားလေဆိပ်ဖြစ်သည့် လာဂွါဒီယာ လေဆိပ်တွင် ပယ်ဖျက်ခဲ့သည့် လေကြောင်းလိုင်း အရေအတွက်မှာ ၂၇၀ ရှိကြောင်း သိရသည်။

ဆင်ဟွာ



## တွစ်တာ၏ ကြော်ငြာဝင်ငွေ ၅၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း အီလွန်မက်စ်ပြော

**နယူးယောက် ဇူလိုင် ၁၇**

ကြော်ငြာဝင်ငွေများ ကျဆင်းမှုကြောင့် တွစ်တာကုမ္ပဏီအနေဖြင့် ငွေကြေးဆုံးရှုံးမှုများ ဆက်လက်ဖြစ်ပေါ်နေဆဲ ဖြစ်ကြောင်း အမေရိကန်စီးပွားရေးလုပ်ငန်းရှင် အီလွန်မက်စ်က ပြောသည်။




အီလွန်မက်စ်က အောက်တိုဘာလတွင် တွစ်တာကို လွှဲပြောင်းရယူပြီးနောက် အဓိကကြော်ငြာရှင်များသည် တွစ်တာမှ ထွက်ခွာသွားကြသည်။ ကြော်ငြာဝင်ငွေ ၅၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားသည့်အပြင် ကြီးမားသော ကြွေးမြီများ တင်ရှိနေမှုကြောင့် ဝင်ငွေ အနုတ်လက္ခဏာပြနေကြောင်း ဇူလိုင် ၁၅ ရက်တွင် ၎င်းက တွစ်တာ၌ ရေးသားခဲ့သည်။

ထို့ပြင် ကုမ္ပဏီအနေဖြင့် ငွေကြေးစီးဆင်းမှု အပေါင်းလက္ခဏာသို့ ရောက်ရှိရန် လိုအပ်ကြောင်းလည်း ရေးသားထားသည်။ မေလတွင် အင်န်ဘီစီယူနီဗာဆယ် ကြော်ငြာလုပ်ငန်းမှ အကြီးအကဲဟောင်း တစ်ဦးကို တွစ်တာ၏ စီအီးအိုအသစ်အဖြစ် အီလွန်မက်စ်က ငှားရမ်းခဲ့သည်။ သို့သော်လည်း ထိုကဲ့သို့ ငှားရမ်းလုပ်ဆောင်ခြင်း၏ ရလဒ်များ ထွက်ပေါ်လာဖွယ် မရှိသေးကြောင်း သိရသည်။

တစ်ချိန်တည်းတွင် ပရိသတ်အများအပြားရှိသော အကြောင်းအရာ ဖန်တီးသူများအနေဖြင့် အင်တာနက် ကွန်ရက်စာမျက်နှာဆိုက်၏ ကြော်ငြာဝင်ငွေတစ်စိတ်တစ်ပိုင်းကို ရရှိမည်ဖြစ်ကြောင်း တွစ်တာက ဇူလိုင် ၁၃ ရက်တွင် ထုတ်ပြန် ကြေညာထားသည်။ ထိုကဲ့သို့ လုပ်ဆောင်ခြင်းက အကြောင်းအရာ ဖန်တီးသူများကို ကွန်ရက် စာမျက်နှာဆိုက်သို့ ပါဝင်လာရန် သိသာထင်ရှားသည့် လှုပ်ရှားမှုတစ်ခုဖြစ်သည်။

တွစ်တာ၏ ပြိုင်ဘက် မက်တာက Threads အက်ပလီကေးရှင်းအသစ်ကို သုံးစွဲသူများ လျင်လျင်မြန်မြန် လက်ခံရရှိလာပြီးနောက် ထိုကဲ့သို့ ကြေညာခြင်းဖြစ်သည်။

အင်န်အိတ်ချ်ကေ

## အီဂျစ်၌ အဆောက်အအုံပြိုကျ၊ ခုနစ်ဦးသေဆုံး

**ကိုင်ရို ဇူလိုင် ၁၇**

အီဂျစ်နိုင်ငံမြို့တော် ကိုင်ရို၌ ဇူလိုင် ၁၇ ရက်က ငါးထပ်အဆောက်အအုံတစ်ခု ပြိုကျမှုဖြစ်ပွားသောကြောင့် ခုနစ်ဦးသေဆုံးပြီး အခြားတစ်ဦးမှာ ဒဏ်ရာရရှိကြောင်း သိရသည်။

ကယ်ဆယ်ရေးအဖွဲ့က အုတ်အကျိုးအပဲ့များအောက်တွင် ပျောက်ဆုံးနေသည့် အမျိုးသမီးတစ်ဦးကို ရှာဖွေလျက်ရှိကြောင်း အစိုးရပိုင် အာရမ်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အီဂျစ်နိုင်ငံမြောက်ပိုင်း အလက်ဇန္ဒြီးယားနှင့် ဘီဟီးရာတို့၌ အဆောက်အအုံနှစ်ခုပြိုကျရာ ငါးဦးသေဆုံးပြီး အခြား ၁၁ ဦး ဒဏ်ရာရရှိမှုဖြစ်ပွားပြီးနောက် တစ်ရက်အကြာတွင် အဆိုပါ မတော်တဆမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ



## တောင်ကိုရီးယားနိုင်ငံ၌ ရေကြီးမြေပြိုကျမှုများကြောင့် လူပေါင်း ၄၀ ထက်မနည်း သေဆုံးမှုဖြစ်ပွား

**ဆိုးလ် ဇူလိုင် ၁၇**

တောင်ကိုရီးယားနိုင်ငံ၌ ရေကြီးရေလျှံမှုများနှင့် မြေပြိုကျမှုများကြောင့် လူပေါင်း ၄၀ ထက်မနည်း သေဆုံးမှုဖြစ်ပွားကြောင်း သိရသည်။ ဇူလိုင် ၁၇ ရက် နံနက် ၁၁ နာရီအထိ အခြားကိုးဦး ပျောက်ဆုံးနေကြောင်း အစိုးရက ပြောသည်။

ဇူလိုင် ၁၃ ရက်မှ စတင်ကာ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် အဆိုပါ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ နိုင်ငံအလယ်ပိုင်း ချန်ဂျူးမြို့ရှိ ဥမင်လိုဏ်ခေါင်းတစ်ခုအတွင်း ရေပြည့်လျှံမှုဖြစ်ပွားပြီးနောက် လူပေါင်း ၁၃ ဦးထက်မနည်းသေဆုံးကြောင်း အတည်ပြုနိုင်ခဲ့သည်။

ဘတ်စ်ကားတစ်စီးနှင့် အခြားယာဉ်များလည်း ရေနစ်မြုပ်ခဲ့ကြောင်း သိရသည်။

မြစ်တစ်စင်းအနီးတွင် ရေကြီးရေလျှံမှု သတိပေးချက်များကို လေးနာရီကျော်ကြာ ကြိုတင်ထုတ်ပြန်ခဲ့ကြောင်း၊ သို့သော်လည်း အာဏာပိုင်များက ဥမင်လိုဏ်ခေါင်းကို မပိတ်ခဲ့ကြောင်း ဒေသမီဒီယာများက ပြောသည်။

အခြေခံ သဘာဝဘေးအန္တရာယ်အစီအမံများကို မလုပ်ဆောင်နိုင်လျှင် ပြည်သူများကို ကာကွယ်ပေးနိုင်ရန် မဖြစ်နိုင်ကြောင်း ဇူလိုင် ၁၇ ရက်တွင် တောင်ကိုရီးယား သမ္မတ ယွန်းဆက်ယိုးလ်က အစိုးရ၏ အထူးတပ်ဖွဲ့ကို ပြောသည်။

ဇူလိုင် ၁၈ ရက်တွင် မိုးဆက်လက် ရွာသွန်းနိုင်ကြောင်း ခန့်မှန်းထားသည်။ နောက်ထပ် ထိခိုက်ပျက်စီးမှုများမှ ကာကွယ်တားဆီးရန် အထူးတပ်ဖွဲ့အား ယွန်းက တိုက်တွန်းထားသည်။

အင်န်အိတ်ချ်ကေ



မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုကျမှုကြောင့် နေအိမ်များ ပြိုလဲနေမှုကို တွေ့ရစဉ်။

## ဂျပန်နိုင်ငံ ဒေသအများအပြား၌ အပူချိန်မြင့်တက်

**တိုကျို ဇူလိုင် ၁၇**

ဇူလိုင် ၁၇ ရက်တွင် ဂျပန်နိုင်ငံ ဒေသအများအပြား၌ အပူချိန်မြင့်တက်လျက်ရှိပြီး တချို့ဒေသများတွင် အပူချိန် ၃၈ ဒီဂရီ အထိရောက်ရှိခဲ့သည်။

ဂျပန်နိုင်ငံကို လွှမ်းခြုံထားသော လေဖိအားရပ်ဝန်းကြောင့် ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း တိုဟိုကူမှသည် တောင်ပိုင်းကျူးရှူးအထိ အပူချိန်မြင့်မားမည်ဖြစ်ကြောင်း မိုးလေဝသအရာရှိများက ပြောသည်။

ဇူလိုင် ၁၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ယာမာနာရှီခရိုင် ကိုရှူမြို့တွင် အပူချိန်သည် ၃၈ ဒသမ ၈ ဒီဂရီ အထိရောက်ရှိခဲ့ပြီး ဂီဖုခရိုင် တာဂျီမီမြို့တွင် ၃၈ ဒသမ ၄ ဒီဂရီ၊ မိနိုမြို့တွင် ၃၈ ဒီဂရီနှင့် ဂီဖုတွင်လည်း ၃၈ ဒီဂရီအထိ ရောက်ရှိခဲ့သည်။

မိုးလေဝသအေဂျင်စီ၏ နိုင်ငံတစ်ဝန်းရှိ မိုးလေဝသအခြေအနေ စောင့်ကြည့်လေ့လာရေးစခန်း ၉၁၄ ခု၏ စောင့်ကြည့်လေ့လာမှုများအရ တိုကျိုမြို့တော်အပါအဝင် ဒေသအတော်များများတွင် အပူချိန် ၃၅ ဒီဂရီ အထိရောက်ရှိခဲ့ကြောင်း ကြေညာခဲ့သည်။

အပူလျှပ်နိုင်ခြေနှင့်ပတ်သက်ပြီး ခရိုင်ပေါင်း ၃၀ အပါအဝင် ကာဂိုရှီမာနှင့် အိုကီနာဝါခရိုင်ရှိ ဒေသအတော်များများတွင် သတိပေးချက်များ ထုတ်ပြန်ထားသည်။

အင်န်အိတ်ချ်ကေ



❖ *ကျော့ဖုံးမှ*

ရည်ရွယ်ချက်ဖြင့် လူစည်ကားရာ နေရာများအား ဖောက်ခွဲတိုက်ခိုက်ခြင်းများ၊ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်အတွက် CDM ပြုလုပ်ခြင်းမရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ကြံသတ်ဖြတ်မှုများ၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုပိုင် အဆောက်အဦ များအား အကြောင်းမဲ့ ဖောက်ခွဲဖျက်ဆီးခြင်းများကို ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များက အကြမ်းဖက် သမားများအား ရှာဖွေဖော်ထုတ် ဖမ်းဆီးခြင်းများကို နေ့/ညမပြတ် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော လုပ်ရပ်နှင့် နိုင်ငံ့ဝန်ထမ်းများအား အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်မှုများကို မလိုလားသည့် ဒေသခံပြည်သူများ၏ လျှို့ဝှက်သတင်းပေးပို့တိုင်ကြားချက်အရ ၂၀၂၃ ခုနှစ် ဇူလိုင် ၁၅ ရက် မွန်းလွဲပိုင်းက အမရပူရမြို့နယ် ဝက်ကုန်းတမာတန်းရပ်ကွက်တွင် မြစ်ငယ် PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် **သီဟဇော်ထွေး(ခ) သီဟ** အား **Sig Sauer ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု၊ ၎င်းကျည် ၁၀ တောင့်၊ လက်ပစ်ဗုံး နှစ်လုံး** တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **သီဟဇော်ထွေး**၏ ထွက်ဆိုချက်အရ အမရပူရမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း စွယ်တော်ဘုရားရှေ့တွင် မြစ်ငယ် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သည့် **အောင်ဘိုဘိုသန်း(ခ)ဘိုသန်းနှင့် လုရီ(ခ)သန့်ဇင်ဦး** တို့ကိုလည်းကောင်း၊ မြစ်ငယ်လမ်းဆုံ၌ **မင်းမင်းဟိန်း(ခ) လေဒီ** ကိုလည်းကောင်း အသီးသီးထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ တရားခံ **သီဟဇော်ထွေးနှင့် မင်းမင်းဟိန်း** တို့သည် ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် မြောင်မြို့နယ် နဂါးပေါက်ကျေးရွာအနီး မြစ်ငယ် PDF အမည်ခံအကြမ်းဖက်စခန်း၌ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းအား တက်ရောက်ခဲ့ပြီး ဖမ်းဆီးရန်ကျန်တရားခံ **ဝင်းထွန်းခေါင်းဆောင်၍ သီဟဇော်ထွေး၊ လုရီ၊ အောင်ဘိုဘိုသန်း၊ မင်းမင်းဟိန်း၊** ဖမ်းဆီးရန်ကျန် တရားခံ **ဝမ်းတီး၊ ငြိမ်းကြီး၊ တင့်ဝေ၊ ဇော်နောင်(ခ) ကြက်သားတုံးနှင့် ရဲလင်းမောင်**တို့ အပါအင်အား ၁၅ ဦးဖြင့် မြစ်ငယ် PDF အကြမ်းဖက်အဖွဲ့အား ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံ **သီဟဇော်ထွေး**၏ ထွက်ဆိုချက်အရ ၂၀၂၃ ခုနှစ် မေလ ပထမပတ်တွင် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG မှ တရားခံပြေး **ဒေါ်ဝေစိုး**က မန္တလေးတိုင်းဒေသကြီး မြစ်ငယ်မြို့ မြန်မာ့မီးရထားဆေးရုံမှ ဆေးရုံအုပ်ဒေါက်တာ ဒေါ်တင်ချိုချိုကိုသည် CDM မလုပ်သည့်အပြင် CDM ပြုလုပ်သွားသည့် ကျန်းမာရေးဝန်ထမ်းများကိုလည်း ပြန်လည်စည်းရုံးခေါ်ယူလျက်ရှိသဖြင့် လုပ်ကြံသတ်ဖြတ်ရန် စေခိုင်းခဲ့ကြောင်း၊ သို့ဖြစ်၍ တရားခံ သီဟဇော်ထွေး၊ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ဇော်နောင်(ခ) ကြက်သားတုံးနှင့် ရဲလင်းမောင်**တို့သည် ဒေါက်တာ ဒေါ်တင်ချိုချိုကိုအား လုပ်ကြံသတ်ဖြတ်ရန် အခြေအနေ စောင့်ကြည့်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

မေ ၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပလိပ်မြို့ ဈေးကွက်သစ်ရပ်ရှိ "ချို"ဆေးခန်း၌ မြစ်ငယ်မြို့ မြန်မာ့မီးရထားဆေးရုံမှ ဆေးရုံအုပ်ဒေါက်တာ ဒေါ်တင်ချိုချိုကိုအား **သီဟဇော်ထွေး**က ပစ္စတိုသေနတ်ဖြင့် ပစ်ခတ် လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ဇော်နောင်(ခ) ကြက်သားတုံးနှင့် ရဲလင်းမောင်**တို့က လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အခြေအနေကို ကြည့်ရှုပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။


ထို့အပြင် ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များအရ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG မှ တရားခံပြေး **ဒေါ်ဝေစိုးနှင့် ဝင်းထွန်း**တို့၏ စေခိုင်းမှုဖြင့် စဉ့်ကိုင်မြို့နယ်အတွင်း အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်မှု နှစ်ကြိမ်၊ ဖောက်ခွဲဖျက်ဆီးမှု တစ်ကြိမ် ဆောင်ရွက်ခဲ့ကြောင်း-

- ❒ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၈ ရက်တွင် ပလိပ်မြို့ ဘူတာရပ်တွင် နေထိုင်သည့် ဦးဘုန်းကျော်အား ဒလန်ဟုစွပ်စွဲ၍ ဖမ်းဆီးရန် ကျန်တရားခံများ ဖြစ်သော **ဝမ်းတီးနှင့် ငြိမ်းကြီး**တို့က ပစ္စတို သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်မှုတွင် **သီဟဇော်ထွေးနှင့်** ဖမ်းဆီးရန် ကျန်တရားခံ **တင့်ဝေ**တို့က လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အခြေအနေအား ကြည့်ရှုပေးခဲ့ကြောင်း။
- ❒ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် **သီဟဇော်ထွေး**သည် ပြည်သူများ အထိတ်တလန့် ဖြစ်စေရန် ရည်ရွယ်၍ ပလိပ်မြို့ ဝန်ထမ်း ကွက်သစ်ရပ်ကွက်ရှိ Heart Zoom စားသောက်ဆိုင် အား လက်လုပ်မိုင်း တစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။

အထက်ပါ ဖမ်းဆီးရမိ တရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုဆောင်ရွက်နေသူ များအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာ နေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

**မန္တလေးတိုင်းဒေသကြီး မြစ်ငယ်မြို့ မြန်မာ့မီးရထားဆေးရုံမှ ဆေးရုံအုပ်အား လုပ်ကြံသတ်ဖြတ်ခဲ့သည့် မြစ်ငယ် PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များ ဖမ်းဆီးရမိမှုအခြေပြဇယား**






၁၅-၅-၂၀၂၃ ရက်တွင် စဉ့်ကိုင်မြို့နယ် ပလိပ်မြို့ ဈေးကွက်သစ်ရပ်ရှိ " ချို " ဆေးခန်းတွင် အကြမ်းဖက်သူများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် ဒေါက်တာ ဒေါ်တင်ချိုချိုကို။



၂၈-၁၀-၂၀၂၂ရက်တွင် စဉ့်ကိုင်မြို့နယ် ပလိပ်မြို့ ဘူတာရပ်တွင် အကြမ်းဖက်သူများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူ ဦးဘုန်းကျော်။





၂၄-၁၂-၂၀၂၂ ရက်တွင် စဉ့်ကိုင်မြို့နယ် ပလိပ်မြို့ ဝန်ထမ်းကွက်သစ်ရပ်ရှိHeart Zoom စားသောက်ဆိုင်အား အကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့်ပစ်ပေါက်မှုကြောင့် ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

---

❂ *ကျော့ဖုံးမှ*

ယင်းပြိုင်ပွဲတွင် အိမ်ရှင်ထိုင်းအသင်းအပါအဝင် ချက်အသင်း၊ မိုဇမ်ဘစ်အသင်း၊ အာဖဂန်နစ္စတန်အသင်း၊ ဆော်လမွန်ကျွန်းစုအသင်းနှင့် မြန်မာအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို သုံးသင်းနှစ်အုပ်စုခွဲကာ ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်၊ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲပုံစံ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ထိုင်းဖိတ်ခေါ်ပြိုင်ပွဲတွင် နှစ်နှစ်ဆက်တိုက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ၂၀၂၂ ခုနှစ်ကလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ **ညီမြတ်သော်တာ**

❒ *ကျော့ဖုံးမှ*

သုံးဂိုးပြတ် အနိုင်ရရှိကာ ဗိုလ်လုပွဲတက်လှမ်းလာသော မက္ကဆီကိုအသင်းက အမေရိကန်အသင်းကို ပယ်နယ်တီ အဆုံးအဖြတ်တွင် အနိုင်ယူကာ ဗိုလ်လုပွဲတက်လှမ်းလာသော ပနားမားအသင်းထက် ခြေစွမ်းထက်မြက်မှု ရှိခဲ့ပြီး အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်ကာ ဖလားဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ပနားမားအသင်းသည် ပွဲအစပိုင်းမိနစ်များတွင် မက္ကဆီကိုအသင်း၏ ဖိအားပေးမှုများကို ခုခံကာကွယ်ခဲ့ရသော်လည်း နောက်ပိုင်းပွဲချိန်များတွင် ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် မက္ကဆီကိုအသင်းကို ပြန်လည်ဖိအားပေးနိုင်ခဲ့သည်။

**ဖလားကိုင်ခွင့် လွဲချော်**

သို့သော်လည်း မက္ကဆီကိုအသင်းကို အနိုင်ရသည်အထိ စွမ်းဆောင်ထားနိုင်ခြင်း မရှိသည့်အတွက် ဖလားကိုင်မြှောက်ခွင့်နှင့် လွဲချော်ခဲ့ရသည်။ မက္ကဆီကို အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် ဂီမီနက်ဇ်က သွင်းယူပေးခဲ့သည်။

**သွင်းဂိုးအများဆုံးဆု**

အဆိုပါပြိုင်ပွဲ၌ သွင်းဂိုးအများဆုံး ကစားသမားဆုကို အမေရိကန်အသင်းမှ ဂျီးဆပ်ဖာရဲရားက ခုနစ်ဂိုးဖြင့် ရရှိခဲ့သည်။ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ကစားသမားဆုကို ပနားမားအသင်းမှ ကာရက်စ်ကွီလာက ဆွတ်ခူးရရှိခဲ့ပြီး အကောင်းဆုံး ဂိုးသမားဆုကို မက္ကဆီကိုအသင်းမှ အိုချိုအာက ဆွတ်ခူးရရှိခဲ့သည်။

**ပူးတွဲအိမ်ရှင်**

အဆိုပါ ပြိုင်ပွဲကို ကနေဒါနှင့် အမေရိကန်တို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ဇွန် ၂၄ ရက်တွင် စတင်ကာ ဇူလိုင် ၁၇ ရက်နံနက်ပိုင်းတွင် အဆုံးသတ်ခဲ့ခြင်းဖြစ်သည်။

**အောင်ဇော်**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ

**နေပြည်တော် ဇူလိုင် ၁၇**

မြန်မာနိုင်ငံ၌ မေ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၇-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီစျေးနှုန်း) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| 95 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (500 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (50 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (10 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၇၃ | ၂၀၄၆ |
| 95 Ron | ၂၀၈၃ | ၂၁၅၉ |
| HSD (500 ppm) | ၁၉၅၇ | ၂၀၂၆ |
| HSD (50 ppm) | ၂၀၃၁ | ၂၁၀၁ |
| HSD (10 ppm) | ၂၀၃၁ | ၂၁၀၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

(၇၀) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ဆောင်းပါး

# အာဇာနည်ဟူသောဂုဏ်ဒြပ်များဖြင့် အာဇာနည်များဖြစ်စေချင်

နှစ်စဉ် နှစ်စဉ် မမေ့နိုင်ဖွယ်ရာ ၁၉ ဇူလိုင်ဝန်းကျင်မှာ အာဇာနည်တို့၏ ဂုဏ်ဒြပ်များကို အမှတ်တရတမ်းတဖော်ထုတ်ဖြစ်ပါသည်။ နိုင်ငံ့အာဇာနည်များကို လေးစားသမှုဖြင့် ဂါရဝပြုမြဲဖြစ်သည်။ သူတို့၏အာဇာနည်ပီသမှုအတွက် ဂုဏ်ယူစရာ အစဉ်အောက်မေ့သတိရပါသည်။ သို့သော် ဂုဏ်ယူနေရုံမျှ၊ သတိရနေရုံမျှ၊ လေးစားနေရုံမျှဖြင့် မပြီးသေးပါ။ ယနေ့ခေတ်အခါ အာဇာနည်ဆိုသည့်ဂုဏ်ပုဒ်များစွာအနက် မိမိတို့ကျရာကဏ္ဍအလိုက် လက်ဆင့်ကမ်းလိုက်နာကျင့်သုံးသင့်သည့် ဖြည့်ဆည်းနိုင်မည့် ကွက်လပ်လိုအပ်ချက်များစွာကို လေ့လာအကဲခတ်မိ၍ဖြစ်ပါသည်။

ဒေါက်တာမြတ်မိုး

**❑ ဗိုလ်ချုပ်တွင် လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည်သာ တတိယဟူ၍ ခိုင်မာတိကျ မယိမ်းယိုင်သော ပန်းတိုင်ရှိခဲ့သည်။ ဉာဏ်မျက်စိဖြင့် အနီးဆုံးရန်သူကို မြင်အောင်ကြည့်တတ်သလို ထာဝရမိတ်ဆွေ၊ ထာဝရရန်သူဟူ၍သဘောမထား၊ ပြည်သူအတွက် အရာရာနှိမ့်ချ၍ လွတ်လပ်ရေးကို မျက်ခြည်မပြတ်ခဲ့ပေ။ လွတ်လပ်ရေးအတွက် တောင်ပေါ်မြေပြန့် အနှံ့ချီ၍ တိုင်းရင်းသားလူမျိုးစုများကို စည်းရုံးနိုင်ခြင်း၊ ဤသို့သော စည်းလုံးမှုအင်အားကို နယ်ချဲ့တို့အား ပြသ၍ လွတ်လပ်ရေးကို အရယူနိုင်ခြင်းတို့သည်ပင် ဗိုလ်ချုပ်၏ အမြော်အမြင်ရှိမှုနှင့် ပညာရှိမှုကို ပြသနေသည်။ တစ်ဖက်ကလည်း ဗိုလ်ချုပ်၏ ရိုးဖြောင့်မှု အရင်းခံဂုဏ်ပုဒ်ကို ချန်လှပ်ထား၍မရ။ ဤသည်ပင် အားလုံးအတွက် အောင်မြင်မှုအစုစု၏ အခြေခံသော့ချက်တစ်ခုအဖြစ် မြင်စေချင်**

### အာဇာနည်ဟူသောအဓိပ္ပာယ်တွင်

ယနေ့အခြေအနေများတွင် အများအတွက် လုပ်မည်ဆိုသည့် ခံယူချက်မျိုးများ လျော့ပါးလာ၍ မဖြစ်၊ ခက်ခဲသောအခြေအနေများတွင် ရင်ဆိုင်ရုန်းထနိုင်မည့် ယုံကြည်ချက်မျိုးရှင်သန်နေရန် လိုအပ်နေသည်။ သူရဲကောင်းဆန်မှုဆိုသည်ကို နေရာလွဲသတ်မှတ်ချင်၍မရ၊ မှန်ကန်သောအမှတ်တံဆိပ်ဖြင့် သို့နေရာနှင့်သူ ရှိသင့်သည်။ ခေါင်းဆောင်မှုတွင်လည်း ထို့အတူပင်၊ မှန်ကန်သောခေါင်းဆောင်မှုဖြင့် မိမိခေါင်းဆောင်မှုက အများအတွက် အကျိုးရှိရမည်၊ မိမိခေါင်းဆောင်မှုကြောင့် တစ်နိုင်ငံလုံး၊ နိုင်ငံသားအားလုံး၊ တိုင်းရင်းသားအားလုံးအကျိုးရှိရမည်ဟူသော ယုံကြည်ချက်မျိုးဖြင့် အနစ်နာခံမှုရှိမှသာ ခေါင်းဆောင်ပီသပါသည်။ အများအတွက်ဆိုလျှင် မိမိကိုယ်ကျိုးအတ္တမရှိ၊ အသက်ပင် ပေးရပေးရ ပေးဆပ်ဆောင်ရွက်မည်ဆိုမှသာလျှင် မြင့်မြတ်သူတို့၏ နှလုံးသားမျိုးနှင့် ထိုက်တန်ပေလိမ့်မည်။ နိုင်ငံနှင့်လူမျိုးအတွက် ပေးဆပ်နေသူအများစုတွင် လက်ရုံးရည်သာမက နှလုံးရည်ပါ ပိုင်ဆိုင်လေ့ရှိကြသည်။ နိုင်ငံအတွက် မိမိအသက်ခန္ဓာအစိတ်အပိုင်း စွန့်လွှတ်လိုက်ရသူများကို တန်ဖိုးရှိရှိပေးဆပ်သူများအဖြစ် ရာဇဝင်တွင်ခံရသူများစွာ ရှိဖူးပါသည်။ သူတို့တွေသည် မည်သည့်အတွက်ကြောင့် ဤရွေ့ဤမျှ အဖိုးထိုက်တန်သောမိမိအသက်ခန္ဓာကို အများအတွက် ပဓာနမထား စွန့်လွှတ်စွန့်စားစွန့်ဝံ့နေကြသနည်း...။

### အမှန်တရားအပေါ်တွင် သစ္စာရှိသူသည်သာ အာဇာနည်

အမှန်ကိုအမှန်အတိုင်း၊ အမှားကိုအမှားအတိုင်း မြင်၍ဖြစ်သည်။ အမှန်လုပ်ရမှာ ဘယ်တော့မှ မကြောက်၊ အမှားလုပ်ရမှာ တွန့်ဆုတ်သူများဖြစ်၍ ဟုယူဆပါသည်။ အမှန်တရားကို တန်ဖိုးထားသူများဖြစ်ကြသကဲ့သို့ အမှားအမှန်၊ အကောင်းအဆိုးကို ချင့်ချိန်သုံးသပ် တွက်ဆနိုင်သူများဖြစ်ကြသည်။ အမှန်တရားကိုလေးစားပြီး ဤအမှန်တရားက အများအတွက်အကျိုးရှိသည်ဟု ယုံကြည်ချက်ကြောင့် အမှန်လုပ်ရသည်ကို ဘယ်တော့မှမကြောက်၊ နောက်မဆုတ်၊ မိမိအတွက်၊ မိမိမိသားစုအတွက်ပင် ဦးစားပေးလေ့မရှိ၊ အများအကျိုးကိုသာ အစဉ်ဦးထိပ်ထားသူများသည် များသောအားဖြင့် အမှန်တရားဘက်ကသာ ရပ်တည်သူများဖြစ်ကြသည်။ ဤတွင် ခေါင်းဆောင်လုပ်မည့်သူအနေဖြင့်ကော၊ အမှန်တရားဘက်က ရပ်တည်မည့်သူအနေဖြင့်ကော ဘယ်အရာကအမှန်၊ ဘယ်အရာကတော့ အမှားဖြစ်သည်ကို အမှားနှင့် အမှန် ခွဲခြားသိရန်၊ ခွဲခြားတတ်ရန် လိုလာပြန်သည်။

အချို့က အမှားကို အမှန်၊ အမှန်ကို အမှား လွဲမှားမြင်တတ်ကြ၍ဖြစ်သည်။ အကြောင်းကား အယူမှားမိ၍ဖြစ်သည်။ တရားသဘောအရတော့ မိစ္ဆာဒိဋ္ဌိဖြစ်သည်။ အယူမှား၊ အမြင်မှားတော့ အတွေးမှား၊ အလုပ်ပါမှားကုန်သည်။ အမှားနှင့် အမှန်ကို ခွဲခြားမသိတော့ ဘယ်သူ၊ ဘယ်အပေါ်မှာ သစ္စာထားရမှန်းမသိ၊ သစ္စာရှိမှုနယ်ပယ်မှာပါ အမှားတွေဖြစ်ကုန်သည်။ အများအတွက် သစ္စာရှိရမှာလား၊ နိုင်ငံနှင့်ပြည်သူအတွက်လား၊ တစ်ဦးတစ်ယောက် အဖွဲ့တစ်ဖွဲ့အတွက်လား တွေဝေမှုနောက်မှာ အမှားကြီး မှားကုန်သည်။ နိုင်ငံနှင့်ပြည်သူအများစုကြီး၏ မှန်ကန်သောအကျိုးစီးပွားအတွက် ပညာရှိဆန်စွာ ရပ်တည်ပြီး သစ္စာထားမြှုပ်နှံထားသူသည်သာ အာဇာနည်ဟုခေါ်ဆိုထိုက်ပါသည်။

### ပညာရှင်ပီသသည့် အာဇာနည်

အထက်တွင် အာဇာနည်တစ်ဦးအနေဖြင့် ပညာရှိဆန်စွာ ဟူသောစကားလုံးကို သုံးစွဲခဲ့ပါသည်။ အမှားကို အမှားအတိုင်းသိကာ ရှောင်ရှားပြီး အမှန်ကိုအမှန်အတိုင်း ထိုးထွင်းသိပြီးမှ အမှန်ကို လုပ်ဆောင်ရဲခြင်းသည်ပင် ပညာရှင်ဆန်နေပါသည်။ ထိုးထွင်းသိမှသာ အမှန်ဆိုသောသဘောတရားကို ရရှိ၍ဖြစ်ပါသည်။ ထိုးထွင်းသိမြင်ရန်အတွက်မူ စာပေများများဖတ်ရှုရမည်၊ ဗဟုသုတအကြားအမြင်များစွာရှိရမည်။ ရရှိပြီးသုတအသိများကို လက်တွေ့နယ်ပယ်တွင် အကောင်းဆုံးအသုံးချ၊ ထိထိရောက်ရောက်အသုံးပြု၍ အကောင်းဆုံးသော လက်တွေ့နယ်ပယ်တွင် ဖြစ်နေသည့်အခြေအနေမှာ အချိန်ကိုက်အသုံးချ၍ မှန်ကန်သောအတွေ့အကြုံများစွာကို ရယူနိုင်စွမ်းရှိရပါမည်။ စာဖတ်ခြင်းက အသိသုတကိုရ၍ အသိကို လက်တွေ့နှင့်ပေါင်းတော့ ပညာဖြစ်ပါပြီ။ အသိကို လက်တွေ့အသုံးချဖန်များတော့ အမှားလည်း ထပ်ခါထပ်ခါတွေ့ရတတ်သလို အမှန်ကိုလည်းတွေ့ရမည်။ သို့သော် တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်လေ့လာသုံးသပ်ဖန်များသည့်အခါ အမှားကို ပယ်မိသွားသည်၊ အမှန်ကိုယူဖြစ်သွားသည်။ အမှား၏ဆိုးကျိုး အမှန်တရား၏ကောင်းကျိုးဟူ၍ ကွဲပြားသွားသည်။ အမှန်တရား၏ရလဒ်ကို ထပ်ဆင့်သက်သေခံသည်က ပြည်သူဖြစ်သလို ထိုအမှန်တရား၏အကျိုးကို လက်တွေ့ခံစားရသူမှာလည်း ပြည်သူများပင် ဖြစ်သင့်သည်ဆိုသည်မှာ အာဇာနည်တို့၏ ခံယူချက်ဖြစ်သည်။

### ယနေ့ထိတိုင်မှန်ကန်နေသည့် ဗိုလ်ချုပ်တို့အရယူပေးခဲ့သည့် လွတ်လပ်ခြင်း

ကျွန်တော်တို့အားလုံး၏ ခေါင်းဆောင် အာဇာနည်ဗိုလ်ချုပ်အောင်ဆန်းသည်ကား အမှန်တရား၏ရလဒ်တစ်ခုကို အသက်စွန့်၍ ရယူပေးခဲ့သူဖြစ်သည်။ ဗိုလ်ချုပ်တို့ရယူပေးခဲ့သော လွတ်လပ်ရေးကို ယနေ့ထိတိုင် ပြည်သူတစ်ရပ်လုံး ရရှိခံစားနေကြသည်။ နှစ်ပေါင်းရာကျော် ကိုလိုနီကျွန်အပြုခံပြီးမှ ဆုံးရှုံးနေသောလွတ်လပ်ရေးကို နယ်ချဲ့တို့လက်မှ လွယ်လွယ်ကူကူရရှိခဲ့ခြင်းတော့မဟုတ်၊ အသက်၊ သွေး၊ ချွေးပေါင်းများစွာ စတေးပြီးမှ ရရှိခဲ့ခြင်းဖြစ်သည်။ ဗိုလ်ချုပ်တို့အာဇာနည်များအပါအဝင် ပြည်သူများ၊ တိုင်းရင်းသားများ များစွာအသက်ပေးခဲ့ကြရသည်။ ကိုလိုနီလက်အောက်မှာ မနေလို၊ မိမိအချုပ်အခြာ၊ မိမိအာဏာ၊ မိမိနယ်နိမိတ်ကိုပြန်လည်ရယူခြင်း၊ နှစ်ပေါင်းရာချီ မြန်မာ့သမိုင်း၊ မြန်မာ့ယဉ်ကျေးမှု၊ ဘာသာ၊ စာပေဟူ၍ ရှိပြီးဖြစ်၍ ကိုယ့်သမိုင်း၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ဘာသာစာပေကို ပြန်လည်ရယူခြင်း၊ ရယူရာတွင်လည်း တစ်နိုင်ငံလုံး စည်းလုံးညီညွတ်မှုအင်အားဖြင့် ရယူခဲ့ရခြင်းများသည် မြန်မာလူမျိုး၊ မြန်မာတိုင်းရင်းသားတို့အတွက်မူ အမှန်တရားဖြစ်သည်။ ဗိုလ်ချုပ်တို့ ချမှတ်နိုင်ခဲ့သော လွတ်လပ်ရေးအတွက် အမှန်တရားတစ်ခုသည် ယနေ့ထိတိုင် မှန်ကန်နေ၍ဖြစ်သည်။ မြန်မာတစ်နိုင်ငံတည်းသာမဟုတ်၊ ဒုတိယကမ္ဘာစစ်အပြီး ကမ္ဘာတစ်ဝန်းရှိ အင်အားကြီးလက်အောက်ခံ ကိုလိုနီအပြုခံ နိုင်ငံအားလုံးက နယ်ချဲ့တို့ လက်အောက်မှ လွတ်မြောက်လိုကြခြင်းသည်ပင် ကမ္ဘာကြီးအတွက် အမှန်တရားတစ်ခုဖြစ်နေခဲ့သည် မဟုတ်ပါလား...။

### အနာဂတ်မျိုးဆက်များအတွက် လိုအပ်နေသောကွက်လပ်များ

အာဇာနည်ဆိုထိုက်သည့် ဗိုလ်ချုပ်တို့လို ခေါင်းဆောင်ကြီးများကဲ့သို့ပင် နယ်ချဲ့တို့ လက်အောက်ကျရောက်ပြီးမှ လွတ်လပ်ရေးအတွက် သားစဉ်မြေးဆက်အသက်စွန့်ခဲ့ကြသူများ၊ အချုပ်အခြာမြဲမှုဟူသော အမှန်တရားတစ်ခုအတွက် ရရှိပြီးလွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေသူများအနက် အချို့စွန့်လွှတ်စွန့်စား အသက်ပေးခဲ့ကြသူများသည်လည်း အာဇာနည်ဟူသောဂုဏ်ပုဒ်နှင့် ထိုက်တန်သူများဖြစ်ပါမည်။ တကယ်တော့ သူတို့သည်လည်း အာဇာနည်ဗိုလ်ချုပ်တို့၏ မျိုးဆက်သွေးများပင်ဖြစ်သည်။ သို့သော် ယနေ့ခေတ်အခါမှာ သူတို့လို ဗိုလ်ချုပ်တို့လို အမှားကိုမလိုလား၊ အမှန်ကိုမြင်နိုင်စွမ်းသူအရေအတွက်သည် ယခုထက် ပိုမိုတိုးပွားလာသင့်သည်ဟုမြင်မိသည်။ အထူးသဖြင့် အနာဂတ်မျိုးဆက်သစ်များအဖြစ် တင်စားရမည့် လူငယ်လူရွယ်များကို ပစ်မှတ်ထားတောင်းဆိုချင်သည်။ အကောင်းအဆိုးချင့်ချိန်၍ အကြောင်းကြောင့်ဖြစ်သော အကျိုးတရားများဆိုသည်ကို မြင်အောင်ကြည့်တတ်ရပေမည်။ နိုင်ငံ၏အကျိုးစီးပွားသည် မိမိတစ်ဦးချင်း၏ အကျိုးစီးပွားနှင့် ဆက်စပ်နေသည်ကို မြင်အောင်ကြည့်၍ အတ္တနှင့် ပရကို မျှတညီညွတ်အောင် ထိန်းသိမ်းနိုင်စွမ်းရှိရပါမည်။ အနာခံမှ အသာစံရမည်၊ လူငယ်ဘဝမှာ မှန်ကန်မြင့်မြတ်သော ရည်ရွယ်ချက်များအတွက် မှန်ကန်စွာကြိုးစားအားထုတ်ရမည်၊ ဝီရိယ၊ ဇွဲ၊ လုံ့လရှိရမည်။ မိမိနှင့် မိမိမိသားစုအတွက်ကော အများအတွက် ကိုယ့်ပတ်ဝန်းကျင်အတွက်ပါ စဉ်းစားတွေးတော လုပ်ကိုင်တတ်ရမည်။ အများအတွက် စဉ်းစားခြင်းသည်ပင် အပြန်အလှန်အားဖြင့် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ ကိုယ့်အတွက်ပါ ဖြည့်ဆည်းရာရောက်သည်ကို အသိအမှတ်ပြုရပါမည်။

### အမြော်အမြင်ရှိတတ်မှုနှင့် ရိုးဖြောင့်ဂုဏ်

ဗိုလ်ချုပ်တွင် လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည်သာ တတိယဟူ၍ ခိုင်မာတိကျ မယိမ်းယိုင်သော ပန်းတိုင်ရှိခဲ့သည်။ ဉာဏ်မျက်စိဖြင့် အနီးဆုံးရန်သူကို မြင်အောင်ကြည့်တတ်သလို ထာဝရမိတ်ဆွေ၊ ထာဝရရန်သူဟူ၍သဘောမထား၊ ပြည်သူအတွက် အရာရာနှိမ့်ချ၍ လွတ်လပ်ရေးကိုမျက်ခြည်မပြတ်ခဲ့ပေ။ လွတ်လပ်ရေးအတွက် တောင်ပေါ်မြေပြန့် အနှံ့ချီ၍ တိုင်းရင်းသားလူမျိုးစုများကို စည်းရုံးနိုင်ခြင်း၊ ဤသို့သော စည်းလုံးမှုအင်အားကို နယ်ချဲ့တို့အား ပြသ၍ လွတ်လပ်ရေးကို အရယူနိုင်ခြင်းတို့သည်ပင် ဗိုလ်ချုပ်၏ အမြော်အမြင်ရှိမှုနှင့် ပညာရှိမှုကို ပြသနေသည်။ တစ်ဖက်ကလည်း ဗိုလ်ချုပ်၏ရိုးဖြောင့်မှု အရင်းခံဂုဏ်ပုဒ်ကို ချန်လှပ်ထား၍မရ။ ဤသည်ပင် အားလုံးအတွက် အောင်မြင်မှုအစုစု၏ အခြေခံသော့ချက်တစ်ခုအဖြစ် မြင်စေချင်သည်။ အမှန်ကိုအမှန်အတိုင်းသိ၍ အမှန်အတိုင်းလုပ်ခြင်း၊ အမှားကိုမကောင်းမှန်းသိ၍ အမှားမလုပ်ခြင်းသည်ပင် ရိုးသားမှုဖြစ်သည်ဆိုသောဂုဏ်၊ ကျင့်ဝတ်စည်းမျဉ်းစည်းကမ်းကို တိတိကျကျလိုက်နာတတ်ခြင်းတည်း ဟူသော ဖြောင့်မတ်မှု၊ ဤဂုဏ်ပုဒ်များသည်ပင် ယနေ့ခေတ်မျိုးဆက်အသစ်အသစ်များအတွက် ဂုဏ်ယူစရာ၊ အတုယူစရာဖြစ်ရပါမည်။

### မျိုးဆက်သစ်တို့အတုယူစရာ စာပေနှင့်မကင်းကွာသော အာဇာနည်

လွတ်လပ်ရေးဗိသုကာဗိုလ်ချုပ်သည် နိုင်ငံ့ခေါင်းဆောင်ဘဝဖြင့် သေဆုံးချိန်တွင် အသက် (၃၂) နှစ်သာရှိသေးပြီး အလွန်ငယ်ရွယ်လွန်းစဉ်မှာပင် ကျောင်းသားခေါင်းဆောင်၊ သခင်နိုင်ငံရေးခေါင်းဆောင်၊ တို့ဗမာအစည်းအရုံး၊ ဗမာ့ထွက်ရပ်ဂိုဏ်း၊ ရဲဘော်သုံးကျိပ်၊ ဗမာ့လွတ်လပ်ရေး၊ ကာကွယ်ရေးတပ်မတော်၊ တော်လှန်ရေး၊ စစ်ရေးမျိုးချစ်ခေါင်းဆောင်၊ နိုင်ငံဝန်ကြီးတာဝန်များဖြင့် ခေတ်အဆက်ဆက် မော်ကွန်းထိုးနိုင်ခဲ့ပြီး ကျောင်းသား၊ နိုင်ငံရေး၊ တပ်မတော်ကဏ္ဍအားလုံးမှာ ပါဝင်ခဲ့သည့် ထူးခြားပြောင်မြောက်သည့် ခေါင်းဆောင်မျိုးဖြစ်သည်။

ခက်ခဲပင်ပန်းကြမ်းတမ်းသော ဘဝမျိုးစုံကို ဖြတ်ကျော်ခဲ့ရပြီး လွတ်လပ်ရေးမရခင်ကလည်း လွတ်လပ်ရေးအတွက်၊ *စာမျက်နှာ ၁၇ သို့*

## နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်၌ ဓာတ်ပုံနှင့်ဆောင်းပါးများ ပြသသွားမည်



**နတ်မောက် ဇူလိုင် ၁၇**

(၇၆)နှစ်မြောက် အာဇာနည်နေ့တွင် နတ်မောက်မြို့ အောင်ဆန်းရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်၌ ဓာတ်ပုံနှင့် ဆောင်းပါးများပြသနိုင်ရန် ဘုတ်ချပ်များ ပြုလုပ်နေခြင်းကို ဇူလိုင် ၁၆ ရက်က စတင်၍ ဆောင်ရွက်နေကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မကွေးဌာနခွဲ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်စီမံလန်းစိုပြည်သာယာလှပအောင်နှင့် ဘက်စုံထိန်းသိမ်းရေးလုပ်ငန်းကော်မတီအဖွဲ့တို့က ကြီးကြပ်၍ ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံ၊ ဆောင်းပါးများပြသနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ကို ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်မည့် (၇၆)နှစ်မြောက် အာဇာနည်နေ့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုများကိုခံယူပြီး ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနတို့မှ ဦးဆောင်၍ ကျင်းပသွားမည်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်ကို နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ရာ ရပ်နီးရပ်ဝေးရှိပြည်သူများလာရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **လှဝင်း**

## စဉ့်ကူးမြို့နယ်၌ အာဇာနည်နေ့အထိမ်းအမှတ်စာအုပ်ပြပွဲကျင်းပ

**စဉ့်ကူး ဇူလိုင် ၁၇**

၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်မည့် (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာအုပ်ပြပွဲကို မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ဇူလိုင် ၁၇ ရက်က ခင်းကျင်းပြသထားသည်။

အဆိုပါ စာအုပ်ပြပွဲတွင် မြန်မာ့လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ပတ်သက်သည့် စာအုပ်များ၊ လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်းများ၊ ဗိုလ်ချုပ်အောင်ဆန်း၏မိန့်ခွန်းများ၊ ပညာရပ်မျိုးစုံပါဝင်သော သုတရသ စာအုပ်စာစောင်များ၊ အာဇာနည်နေ့နှင့်ပတ်သက်သည့် သိမှတ်ဖွယ်ရာ စာအုပ်စာစောင်များကို စိတ်ဝင်စားဖွယ် ခင်းကျင်းပြသထားရာ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာ လာရောက်လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

**တင်ဇာလွင်(ပြန်/ဆက်)**

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင်အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသော နေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန် ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ် - ၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အင်အားကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- အစုလိုက် အလေးပြုသည့်အချိန်အား (၁၀) မိနစ်ထက် ပိုမကြာစေရန်။

## လွမ်းမိဋ္ဌာန်

✻ ရဲရေးရောက်သော် ၊ ရွံ့ကြောက်မဲ့တွန်
နိုင်ငံ့ဝန်၌ ၊ ဂုဏ္ဍာန်ယက္ခ
နာဂခြသေ့်၊ ရင်ဆိုင်တွေ့လည်း
ခွာ၍မတွန့်၊ အသက်စွန့်မည့်
အမွန့်လူမျိုး
ဖိုးအနဋ္ဌ ၊ ထိုက်တန်လှသည့်
အာဂသူရဲကောင်း ၊ ထိုသူအပေါင်းတို့။
✻ ထီးကျိုးစည်ပေါက် ၊ နန်းပျောက်ခဲ့ရ
မြန်မာ့ဘုရင် ၊ ကျွန်စာရင်းဝင်သည့်
ထိုစဉ်မှစ ၊ နိုးထတွန်းလှန်
အင်္ဂလိပ်ရန်ကို
အောင်လံလွှင့်တင် ၊ အောင်ပွဲဆင်လည်း
မူသွင်ဆိုးညစ် ၊ ဖက်ဆစ်ဂျပန်
တော်လှန်စစ်ပွဲ တို့ဆင်နွှဲခဲ့။
✻ ဂျပန်အဆုတ် ၊ အင်္ဂလိပ်ယုတ်တို့
ယုတ်မာကောက်ကျစ် ၊ ကျွန်ပြန်ဖြစ်မို့
နှံ့နစ်မခံ ၊ ဇောစိတ်သန်လျက်
အမြန်လွတ်ရေး ၊ ဦးစားပေးလျက်
လေးနက်ခိုင်မာ ၊ ကြိုးပမ်းလာ၍
အရာထင်ထင် ၊ ဖြစ်လာစဉ်ဝယ်
ဉာဏ်ဆင်သွေးထိုး ၊ အဖြစ်ဆိုးကား
ဆယ့်ကိုးဇူလိုင် ၊ မမေ့နိုင်အောင်
ဖြိုင်ဖြိုင်မျက်ရည် ၊ ဖြေမဆည်တည့်
ပြည်ချစ်ပန်းများ ကြွေခဲ့ပြီ...။
✻ ဩော်...
သမိုင်းမှိန်ညှိုး ၊ ထိုရက်ဆိုး၌
မိုးကဖွဲ့ဖွဲ့ ၊ ကျနေဆဲတွင်
ကြေကွဲခဲ့ရ ၊ မေ့မရမို့
တသအောက်မေ့ ၊ တည်သရွေ့ကမ္ဘာ
မြန်မာနိုင်ငံ ၊ ခွန့်ရှည်ရန်ဟု
ဓိဋ္ဌာန်ပြုလျက် ၊ ရှေ့ဆီဆက်မည်
လွမ်းလျက်ဓိဋ္ဌာန် ပြုသည်တကား...။

ဘိုမျိုး(ရွှေဘို)

*စာမျက်နှာ ၁၆ မှ*

လွတ်လပ်ရေးရပြီးပါကလည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ပုံဖော်မည့်လမ်းကြောင်းအထိ မြော်တွေးစဉ်းစားထားသူဖြစ်သည်။ အတွေးမှန်၊ ဆုံးဖြတ်ချက်မှန်၊ အလုပ်မှန်ပြီး ဤမျှ အများ၏ အားကိုးယုံကြည်မှုကို ရရှိခြင်း၊ ကြည်ညိုလေးစားမှုကို ရရှိခြင်း၊ တစ်မျိုးသားလုံးကို ဦးဆောင်မှုပေး၍ လိုချင်သောရည်မှန်းချက်ကို ရရှိအောင်မြင်ခြင်းများမှာ အဘယ်အကြောင်းအရာက အရင်းခံပါသနည်း...။

စာဖတ်လွန်းခြင်း၊ လေ့လာမှုအားကြီးခြင်း၊ ကျောင်းသားဘဝမှ နိုင်ငံရေးခေါင်းဆောင်ဘဝတိုင် စာပေနှင့်မကင်းကွာခြင်း၊ စာရေးသားခြင်း၊ အင်္ဂလိပ်စာနှင့်စကားကိုကျွမ်းကျင်ပြီး အင်္ဂလိပ်လိုရေးသားထားသောစာပေများကို ဖတ်ရှုဘာသာပြန်နိုင်ခြင်း၊ ကိုယ်တိုင်လည်းရေးသားနိုင်သဖြင့် ပြင်ပကမ္ဘာကြီးအကြောင်းကို ပိုသိပိုနားလည်ပြီး အရာရာကို စေ့စပ်သေချာစွာ နှိုင်းချိန်သုံးသပ်ဝေဖန်ပိုင်းခြားနိုင်ခြင်း၊ လှုံ့ဆော်မှုပေးနိုင်ခြင်း၊ စည်းရုံးနိုင်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းမှုပေးနိုင်ခြင်း စသည့်စာဖတ်ခြင်းကြောင့် ရရှိလာသည့်အရည်အသွေးများက အရင်းခံပင်ဖြစ်သည်ဟု လေ့လာအကဲခတ်မိပါသည်။ စာဖတ်သည့်ခေါင်းဆောင်သည် အခြေခံသဘောတရားကို ပိုင်နိုင်ပြီး ကိုယ်ပိုင်အိုင်ဒီယာ၊ ကိုယ်ပိုင်အတွေးအမြင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ကြက်နိုင်စွမ်းရှိပေသည်။

ကျွန်တော်တို့ လေးစားအားကျရသော အာဇာနည်ခေါင်းဆောင်ကြီး၏ အရည်အသွေးများအနက်မှ စာဖတ်ခြင်းအလေ့တစ်ခုကိုကား အားလုံး၏ အထူးသဖြင့် လူငယ်များ၏နှလုံးသားတွင် ကိန်းအောင်းအတုယူရမည့် အလေ့အကျင့်တစ်ခုအဖြစ် မှတ်ယူစေချင်ပါသည်။ အနာဂတ်မျိုးဆက်များအတွက် အလိုအပ်ဆုံးသောအရာတစ်ခုလည်းဖြစ်နေသည်။ စာများများဖတ်စေချင်သည်။ စာဖတ်ဝါသနာပါစေချင်သည်။ တန်ဖိုးရှိသောအချိန်ကို စာဖတ်ခြင်းဖြင့် အချိန်ကုန်စေချင်သည်။ လောကခံကို မတုန်လှုပ်၊ ကျဉ်းမြောင်းကျပ်တည်းသော အချိုးအကွေ့များစွာကို ကျယ်ပြန့်သောအတွေးများ၊ မှန်ကန်သောအလုပ်များဖြင့် ရင်ဆိုင်ကျော်ဖြတ်စေချင်သည်။ ကျရာကဏ္ဍ၊ ကျရာနယ်ပယ်မှာ နိုင်ငံနှင့်လူမျိုးအတွက် အာဇာနည်ဂုဏ်ဒြပ်များဖြင့်ပြည့်ဝသောအာဇာနည်များသာ ဖြစ်စေချင်ပါသည်။ ။

# ပခုက္ကူကုန်စည်ဒိုင်၌ ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်လျက်ရှိ

မကွေးတိုင်းဒေသကြီး ပခုက္ကူကုန်စည်ဒိုင်တွင် ဇွန်လဒုတိယပတ်တွင် ပဲစင်းငုံနီ တစ်တင်းလျှင် အမြင့်ဆုံး ငွေကျပ် ၁၀၄၅၀၀ ရှိခဲ့ပြီး တတိယပတ်တွင် တစ်တင်းလျှင် ငွေကျပ် ၉၁၈၀၀ ကျဆင်းခဲ့သော်လည်း ဇူလိုင်လဆန်းတွင် ငွေကျပ် ၁၀၀၀၀၀ အထိ ပြန်လည်မြင့်တက်လာခဲ့ရာ တင်ပို့မှုအနေဖြင့် ဇွန်လထက် အိတ်ရေ ၆၀၀ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ ပဲတီစိမ်းကြီးဈေးနှုန်းအနေဖြင့် တစ်တင်းလျှင်ငွေကျပ် ၄၇၀၀၀-၅၈၀၀၀ ဖြင့် ဈေးနှုန်းတည်ငြိမ်၍ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး အိတ်ရေ ၁၅၀၀ ခန့် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ပဲယင်းနီများ ဇွန်လဒုတိယပတ်တွင် စတင်ဝင်ရောက်လာခဲ့ရာ လက်ရှိအချိန်၌ တစ်တင်းလျှင် ငွေကျပ် ၇၄၃၀၀ ဖြင့် ဈေးနှုန်းတည်ငြိမ်၍ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး အိတ်ရေ ၄၀၀ ခန့် တင်ပို့နိုင်ခဲ့ကြောင်း၊ ကုလားပဲအုပ်စုအနေဖြင့် ဇွန်လနောက်ဆုံးပတ်တွင် ကုလားပဲ (HL) တစ်တင်းလျှင် ငွေကျပ် ၈၈၀၀၀၊ ကုလားပဲ V2 တစ်တင်းလျှင် ငွေကျပ် ၇၉၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဇူလိုင်လပထမပတ်တွင် ကုလားပဲ ၉၂၉ တစ်တင်းလျှင် ငွေကျပ် ၈၄၈၀၀၊ ကုလားပဲ V2 တစ်တင်းလျှင် ငွေကျပ် ၈၅၆၀၀ ဖြင့် ဈေးအနည်းငယ် မြင့်တက်ခဲ့ပြီး ပုံမှန် တင်ပို့နေလျက်ရှိကြောင်း၊ ပဲဇီးကွက်၊ စွန်တာနီပဲများ အရောင်းအဝယ်မဖြစ်သော်လည်း နှမ်း(ဖြူ)များ အရောင်းအဝယ်ဖြစ်လျက်ရှိရာ ဇွန်လနောက်ဆုံးပတ်တွင် နှမ်း(ဖြူ) တစ်တင်းလျှင် ငွေကျပ် ၁၁၄၀၀၀ မှ ဇူလိုင်လဆန်းတွင် ငွေကျပ် ၁၁၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး အိတ်ရေ ၃၀၀ ခန့် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။



**DOCA (မကွေး)**

## မော်တောင် ကုန်သွယ်ရေးစခန်းမှ ငါးမျိုးစုံနှင့် ကျောက်ပုစွန် အဓိကတင်ပို့

မော်တောင်ကုန်သွယ်ရေးစခန်း အနေဖြင့် ၂၀၂၃ ခုနှစ် ဇူလိုင် ၁၂ ရက်မှ ၁၆ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၁၄၇၃ ဒေါ်လာသန်း၊ သွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၀ ဒသမ ၀၀၅၁ ဒေါ်လာသန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၀ ဒသမ ၁၅၂၄ ဒေါ်လာသန်း ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့သည်။

မော်တောင်ကုန်သွယ်ရေးစခန်း၌ ဇူလိုင် ၁၂ ရက်မှ ၁၆ ရက်အထိ အဓိကတင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ ၇၀ ဒသမ ၅၆၀ တန်၊ ဂဏန်းဈေးပုံး ၁၀ ဒသမ ၈ တန်၊ ကျောက်ပုစွန်(အရှင်) ၁ ဒသမ ၀၉၅ တန်၊ ဂျင်းခရု (အရှင်) ၁၃ ဒသမ ၄ တန်၊ တံမြက်စည်းအခု ၃၀၀၀၀ နှင့် ငှက်ပျောသီး တန် ၅၀ တင်ပို့နိုင်ခဲ့ပြီး အဓိကတင်သွင်းခဲ့သော ကုန်ပစ္စည်းများမှာ မှန် ၁၀ တန်၊ ငါးသေတ္တာဘူးခွံ ငါးတန်နှင့် သစ်သီးမျိုးစုံ ၄ ဒသမ ၅ တန် တင်သွင်းနိုင်ခဲ့သည်။

၁၅-၇-၂၀၂၃ ရက်နေ့ ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ဘတ် ၁၁၁၀၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၉၀ ဒသမ ၀၉ ကျပ်ခန့်ရှိကြောင်းနှင့်ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ဘတ်ဈေးအနည်းငယ် မြင့်တက်လျက်ရှိကြောင်း သိရသည်။ **DOT (Mawtaung)**

## ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ၇၆ ရာခိုင်နှုန်း ဆောင်ရွက်နိုင်

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ၂၀၂၃ ခုနှစ် ဇူလိုင်လ ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန် ဒေါ်လာနှစ်သန်းနှင့် သွင်းကုန် ဒေါ်လာတစ်သန်းဖြင့် စုစုပေါင်း ဒေါ်လာသုံးသန်းဖြစ်ပြီး ကုန်သွယ်မှုလျာထားချက်အပေါ် ၇၆ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ၂၀၂၃ ခုနှစ် ဇူလိုင် ၁၄ ရက်အထိ ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သည့် တစ်သျှူးငှက်ပျော ၄၆၄၈ တန်၊ Iron Concentrate (Fe-64.512% / Fe-60.751%) ၆၀၂ တန်၊ တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ကွန်ပေါင်းဓာတ်မြေဩဇာ (Compound Fertilizer) (N:18%, P2O5:18%, K2O:18%) ၁၃၈၄ တန်၊ သံချောင်း (Iron Rod) ၄၆ ဒသမ ၃ တန်၊ သံပိုက် (Iron Pipe) ၁၃၅ ဒသမ ၉ တန်၊ Galvanized Iron Sheet (၁၂၃.၁၀၀) တန်၊ Iron Nail ၁၇၁ တန်၊ မြက်ခင်းတု (Artificial Grass) ၁၃၈ ဒသမ ၃ တန်၊ Brand New Car Tyre (Size : 14.00 R 25) အလုံး ၉၀၊ ကြွေပြား Ceramic Tile Plain ၅၁၅၀ စတုရန်းမီတာ တင်သွင်းနိုင်ခဲ့ပြီး အခြားရင်းနှီးမြှုပ်နှံမှုပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ (ပန်းသီး၊ လိမ္မော်သီးနှင့် အဝတ်အထည်များ) တင်သွင်းလျက်ရှိသည်။ **DOT (Kanpaite)**

## နတ်တလင်းခရိုင်၌ နွေစပါးများရိတ်သိမ်း

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင်အတွင်းရှိ မြို့နယ်များတွင် ဒေသတွင်းနှင့် ပြည်တွင်း စားသုံးမှုဖူလုံရေး၊ ဆန်စပါးဈေးနှုန်းတည်ငြိမ်ရေးနှင့် ပိုလျှံသည်များကို ပြည်ပသို့တင်ပို့နိုင်ရေးအတွက် မိုးစပါးနှင့် နွေစပါးများ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ နတ်တလင်းခရိုင်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၌ မိုးစပါးလျာထားဧက ၃၁၄၄၆၃ ကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် နွေစပါးလျာထားဧက ၅၈၂၇၂ ကို ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

နတ်တလင်းခရိုင်အတွင်း နွေစပါးများ ရိတ်သိမ်းခြွေလှေ့လျက်ရှိရာ ၃၈၉၄ ဧကကျော် ရိတ်သိမ်းပြီးကြောင်း၊ နွေစပါး ၄၆ ပေါင်ကိုက်တင်း ၁၀၀ လျှင် ကွင်းပေါက်ဈေး ၁၂ သိန်းကျပ်ဖြင့် ကုန်သည်များက ကွင်းထဲအရောက် လာရောက်ဝယ်ယူမှုရှိကြောင်းနှင့် ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ၅၁၀၀၀ ကျပ် ဈေးနှုန်းရှိကြောင်း သိရသည်။

**DOCA(ပဲခူး)**

### ၁၇ - ၇ - ၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုချောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဇစိန် | ပဲဆီ | စားအုန်းဆီ | ရေတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၃၅၀၀ | | ၁၂၀၀၀ | ၈၇၀၀ | ၁၉၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၈၅၀၀ | ၃၅၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၂ | လားရှိုး | ၂၈၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၈၀၀ | ၈၀၀၀ | ၅၂၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၃၅၀ | | ၁၆၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၂၀၀၀ |
| ၄ | တောင်ကြီး | ၃၁၀၀ | ၂၆၀၀ | ၉၀၀၀ | ၇၃၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၅၀၀ | ၃၄၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ |
| ၅ | လှိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၇၂၀၀ | ၅၅၀၀ | ၄၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၄၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၇၃၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၇၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၆၅၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၅၀၀ | | ၁၇၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၇၉၀၀ | ၉၅၀၀ | ၄၈၀၀ | ၈၅၀၀ | ၅၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၇၀၀ | ၃၇၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၀၀၀ | | ၁၅၀၀၀ | ၆၉၀၀ | ၁၈၀၀၀ | ၂၆၀၀ | ၈၅၀၀ | ၈၅၀၀ | ၄၃၀၀ | ၈၅၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၈၀၀ | ၃၃၀၀ | ၃၇၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၉၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၅၃၀၀ | ၁၇၀၀၀ | ၂၆၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၆၈၀၀ | ၁၅၀၀၀ | ၂၃၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၇၀၀၀ | ၃၀၀ | ၆၅၀၀ | ၅၈၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၉၀၀၀ |
| ၁၂ | စစ်တွေ | ၃၄၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၈၃၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၅၀၀ | ၂၅၀၀ | ၄၃၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၅၀၀ | | ၃၀၀၀၀ | ၃၀၀၀ | ၇၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၄၂၀၀ | | ၁၃၅၀၀ | ၇၂၀၀ | ၁၉၀၀၀ | ၂၃၀၀ | ၆၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၆၆၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၃၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | ၂၇၀၀ | ၁၃၅၀၀ | ၇၀၀၀ | ၂၂၀၀၀ | ၂၂၀၀ | ၇၂၀၀ | ၈၀၀၀ | ၄၅၀၀ | ၇၅၀၀ | ၈၀၀ | ၈၇၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | | ၁၃၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၂၀၀ | ၉၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၇၅၀၀ | ၆၅၀ | ၇၇၀၀ | ၇၇၀၀ | ၃၀၀၀ | ၃၂၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၈၀၀ | | ၁၂၅၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၆၅၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပြည် | ၂၆၅၀ | | ၁၃၅၀၀ | ၇၀၀၀ | ၂၅၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၇၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၉ | ပဲခူး | ၂၆၀၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၃၀၀ | ၇၅၀၀ | ၇၂၀၀ | | ၉၀၀၀ | ၄၅၀ | ၈၀၀၀ | ၆၂၀၀ | ၂၈၀၀ | ၂၇၀၀ | ၃၆၀၀ | ၉၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၆၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၂၀၀ | | ၁၄၀၀၀ | ၆၆၀၀ | ၁၈၀၀၀ | ၂၂၀၀ | ၆၂၀၀ | ၇၂၀၀ | ၄၂၀၀ | ၅၇၀၀ | ၅၀၀ | ၇၀၀၀ | ၅၈၀၀ | ၄၀၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၈၅၀၀ |
| ၂၁ | နေပြည်တော် | ၃၂၀၀ | | ၁၄၅၀၀ | ၆၆၀၀ | ၁၈၅၀၀ | ၂၄၀၀ | ၆၅၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၃၀၀ | ၅၀၀ | ၇၂၀၀ | ၅၈၀၀ | ၄၂၀၀ | ၂၈၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၈၅၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | ၃၁၀၀ | ၁၄၀၀၀ | ၈၇၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၇၀၀ | ၈၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် ကျိုင်းတုံနှင့် မုံရွာတွင် ငွေကျပ် ၅၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၃၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် တောင်ကြီးနှင့် ထားဝယ်တွင် ငွေကျပ် ၅၀၀၊ ချင်းတစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၂၀၀၊ မန်ကျည်းသီး တစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၂၀၀၊ အာလူး တစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၂၀၀၊ ထားဝယ်တွင် ငွေကျပ် ၄၀၀၊ ပြည်တွင် ငွေကျပ် ၁၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၅၀၀ ဈေးတက်ခဲ့ပါသည်။
(၂) စားအုန်းဆီ တစ်ပိဿာလျှင် တောင်ကြီး၊ မုံရွာ၊ မန္တလေးနှင့် ပဲခူးတွင် ငွေကျပ် ၂၀၀၊ ပြည်တွင် ငွေကျပ် ၄၀၀၊ ရေတ်ခြောက် တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၂၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၁၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) နှင့် နနွင်းတက်တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၅၀၀၊ ချင်း တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၁၀၀၀၊ မြေပဲဆန် တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၁၀၀၊ ပြည်တွင် ငွေကျပ် ၅၀၀၊ ဝက်သား တစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ် ၃၀၀၀၊ ဆိတ်သား တစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၄၀၀၀ ဈေးကျခဲ့ပါသည်။

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၆) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄၀၀ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည် လမ်းဟောင်းမှလည်းကောင်း၊ ဓမ္မစေတီလမ်းအား ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံမှလည်းကောင်း၊ ဓမ္မစေတီလမ်းအား အင်းယားမြိုင်လမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား ဦးထောင်ဘိုလမ်းနှင့် အာဇာနည်လမ်းဆုံမှလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံအထိလည်းကောင်း၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်(သွေးဆေးကန်)လမ်းတို့အား ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်မည့်နေရာအား ၁၉-၇-၂၀၂၃ ရက်နေ့မှ ၂၁-၇-၂၀၂၃ ရက်နေ့ ၀၅၀၀ အချိန်မှ ၁၈၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံမှလည်းကောင်း၊ နတ်မောက်လမ်းအား ဖိုးစိန်လမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းနှင့်ဆုံရာမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား စောမဟာလမ်းဆုံမှလည်းကောင်း ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အလံတင်အခမ်းအနားကျင်းပမည့် အတွင်းဝန်ရုံးအား ၁၉-၇-၂၀၂၃ ရက်နေ့မှ ၂၁-၇-၂၀၂၃ ရက်နေ့ ၀၅ ၀၀ အချိန်မှ ၁၈ ၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်း လမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်လမ်းလွှဲ ဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။ **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် Certificate in Entrepreneurship and Business Management (Batch III) ဖွင့်လှစ်မည်

**ရန်ကုန် ဇူလိုင် ၁၇**

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် စီးပွားရေး စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသဘောတရားများကို သိရှိစေရန် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများကို တတ်သိနားလည်ပြီး အသုံးချနိုင်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်စေရန်ရည်ရွယ်၍ စွန့်ဦးတီထွင်မှုနှင့်စီးပွားရေး စီမံခန့်ခွဲမှုပညာ အသိမှတ်ပြုလက်မှတ် သင်တန်း Certificate in Entrepreneurship and Business Management (Batch I) ကို ၁၂-၅-၂၀၂၂ ရက်မှ ၁၂-၈-၂၀၂၂ ရက်အထိ လည်းကောင်း၊ (Batch II) ကို ၁၅-၂-၂၀၂၃ ရက်မှ ၁၅-၅-၂၀၂၃ ရက်အထိ လည်းကောင်း Free Online Certificate Course အဖြစ် ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။

ယခုဆက်လက်၍ Certificate in Entrepreneurship and Business Management (Batch III) ကို Free Online Certificate Course အဖြစ် ၅-၈-၂၀၂၃ ရက်မှ ၂၂-၁၀-၂၀၂၃ ရက်အထိ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖွင့်လှစ်ပို့ချ သင်ကြားသွားမည်ဖြစ်သဖြင့် သင်တန်းတက်ရောက်လိုသူများ အနေဖြင့် https://forms.gle / xWXHcaH-bynxYq3eZA Link မှတစ်ဆင့် Google Form တွင် ဖြည့်စွက်ပြီး ၃၁-၇-၂၀၂၃ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅)နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေသွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။" **ကျန်းမာရေးဝန်ကြီးဌာန**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၇ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၀၉၀ ကျပ် | ၂၁၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၇၀ ကျပ် | ၂၂၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၀၀ ကျပ် | ၂၁၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၂၀ ကျပ် | ၂၂၆၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၀ တွေ့ရှိ

(၁၇-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ် – ၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ် – ၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၁၄၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၅၇,၂၆၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ် – ၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၉၀၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၆၉၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ပြည်သူ့ကြားကပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အရာတော်မြို့နယ်၊ ငွေတွင်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများကလက်လုပ်စိန်ပြောင်းများဖြင့် လာရောက်ပစ်ခတ်မှုကြောင့် သံဃာတော် ၃ ပါး ထိခိုက်ဒဏ်ရာရရှိပြီး အပြစ်မဲ့ဒေသခံပြည်သူ ၁၅ ဦး သေဆုံးခဲ့သည့် ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် နတ်ဆိုး PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ ဖမ်းဆီးရမိ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၀၀၀ | ၁၂၀၂ | ၉၆၇၇၀၀၀ |
| MTSH | ၂၈၅၀ | ၂၈၀၀ | ၆၀၈၇ | ၁၇၀၄၇၃၀၀ |
| MCB | ၇၃၀၀ | ၇၃၀၀ | ၁ | ၇၃၀၀ |
| FPB | ၁၅၀၀ | ၁၅၅၀ | ၄၀၀၀ | ၆၁၀၀၀၀၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၆ | ၁၄၇၀၀ |
| EFR | ၂၄၅၀ | ၂၄၅၀ | ၅ | ၁၂၂၅၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၃၅၅၆၇ | ၆၁၇၅၉၅၀၀ |

ညီညီ – စုစည်းသည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## ဒုတိယဦးစီးမှူးရာထူး ခန့်ထားရေးအတွက်
## ရွေးချယ်ထားသူများစာရင်း ကြေညာခြင်း

၁။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) (၆၁)နေရာအတွက် ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပြီး စိစစ်ရွေးချယ်ထားသူများစာရင်းအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်-

| | |
|---|---|
| ဒဥစ(ရန်ကုန်) | ၁၊ ၁၇၊ ၂၀၊ ၂၁၊ ၂၉၊ ၃၇၊ ၃၈၊ ၄၂၊ ၄၄၊ ၄၆၊ ၅၀၊ ၅၁၊ ၅၃၊ ၅၆၊ ၆၄၊ ၇၀၊ ၇၁ |
| ဒဥစ(မန္တလေး) | ၁၊ ၂၊ ၃၊ ၅၊ ၈၊ ၁၁၊ ၁၂၊ ၁၇၊ ၁၉၊ ၂၀၊ ၂၂၊ ၂၃၊ ၂၅၊ ၂၇၊ ၂၉၊ ၃၈၊ ၄၃၊ ၄၅ |
| ဒဥစ(နေပြည်တော်) | ၁၊ ၂၊ ၅၊ ၈၊ ၁၀၊ ၁၇၊ ၁၈၊ ၁၉၊ ၂၅၊ ၃၁၊ ၃၅၊ ၃၉၊ ၄၁၊ ၅၁၊ ၅၆၊ ၅၇၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၅၊ ၆၉၊ ၇၁၊ ၇၅၊ ၇၈၊ ၇၉ |

၂။ ဒုတိယဦးစီးမှူးရာထူး ရွေးချယ်ခံထားရသူများသည် မိမိတို့တာဝန်ကျရုံးအမည်နှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား မိမိတို့နှင့် အနီးဆုံးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများသို့ သွားရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ ရွေးချယ်ခံရသူများစာရင်းကို ပြန်ကြားရေးဝန်ကြီးဌာန၏ Website www.moi.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်သိရှိလိုပါက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) (ဖုန်း ၀၆၇-၃၄၁၂၀၂၄၊ ၀၆၇-၃၄၁၂၁၀၄) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

## "အမှားပြင်ဆင်ဖတ်ရှုရန် ကြေညာခြင်း"

၁၇-၇-၂၀၂၃၊ တနင်္လာနေ့၊ စာမျက်နှာ(၂၂)၊ မြန်မာ့အလင်းသတင်းစာပါ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း ခေါင်းစဉ်မှ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ပုဗ္ဗသီရိ အနောက်ရပ်) ၊ မြေကွက်အမှတ်(ပ-၃၂၄၈၂) ကြော်ငြာအား ကြော်ငြာပါသည့်ရက်မှ **တစ်လအတွင်း လာရောက်ကန့်ကွက်ပါရန် ကြေညာချက်အား (၁၄)ရက်အတွင်း** လာရောက်ကန့်ကွက်ပါရန်ဟု ပြောင်းလဲဖတ်ရှုပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြမာလာ(ဥပဒေတွဲ့)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၉၉၄)**
**ပ-၃၂၃၇၃၊ ငုရွှေဝါလမ်း၊ ဝဏ္ဏဒီပရပ်ကွက်၊ ပုဗ္ဗသီရိ၊ နေပြည်တော်**

## အထူးကိုယ်စားလှယ်လွှဲစာအားပြန်လည်ရုပ်သိမ်းခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ရပ်ကွက်ကြီး(၈)၊ကွင်း/အကွက်အမှတ်နှင့်အမည်(၁၀/ပဒေသာ)၊ ဦးပိုင်အမှတ် (၂၈၈/၂၈၉)၊ မြေဧရိယာ အကျယ်အဝန်း(၀. ၀၅၄)ဧကရှိ မြေကွက်နှင့် နေအိမ်အား ပြင်ဦးလွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှတ်တွဲနံပါတ်(၂၂၅/၁၉၉၇-၉၈)အရ ဦးတင်ငွေလေးအမည်ဖြင့် ဂရန်ချထားသောမြေကွက်ဖြစ်ပြီး အဆိုပါ အမည်ပေါက်သူ ကွယ်လွန်ခဲ့၍ ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်(၀၃၆/၂၀၂၂) အရ ဒေါ်ကြူးကြူးရီနှင့် ဦးအေးသန်းတို့ ပူးတွဲအမွေဆက်ခံပိုင်ဆိုင်လာပါသည်။ အဆိုပါ မြေကွက်အား ရပ်ကွက်ကြီး(၅) ပြင်ဦးလွင်မြို့နေ ဒေါ်သီတာမြင့်(ဘ)ဦးမြင့်သိန်း (၉/မမန(နိုင်)၀၂၆၇၉၂)ထံသို့ ၁၅-၃-၂၀၂၂ရက်တွင် ပြင်ဦးလွင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၀၁/၂၀၂၂)ဖြင့် လွှဲအပ်ပေးထားခဲ့ပါသည်။ ယခုအခါ ၎င်းအထူးကိုယ်စားလှယ်လွှဲစာအား ဆက်လက်အသုံးပြုရန်မလိုတော့ပါသဖြင့် ဤကြေညာပါသည့်ရက်မှစ၍ တဖက်သတ် ရုတ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြူးကြူးရီ ၉/မမန(နိုင်)၀၁၈၅၉၉**
**ဦးအေးသန်း ၉/မမန(နိုင်)၀၀၀၁၄၂**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ရပ်ကွက်ကြီး (၈)၊ ကွင်းအမှတ်/အမည်- ၆-ပဒေသာ၊ ဦးပိုင်အမှတ် -(၃၄၇)၊ ဧရိယာ ၀.၀၅၅ ဧကရှိ ဂရန်အိမ်နှင့် မြေကွက်အား ဦးစိုင်းရန်အောင်ဖြိုး (၉/ခအဇ(နိုင်)၀၃၁၅၂၁ နှင့် ဒေါ်နန်းသဇင်ဝင်း (၉/ခအဇ(နိုင်)၀၁၄၃၃၆) တို့က လက်ရှိ အမည်ပေါက်ပိုင်ဆိုင်ပြီး၊ ၎င်းတို့ထံမှ ဒေါ်တင်တင်ဝင်း(၁၂/တမန(နိုင်)၀၆၅၁၄၉)က ဝယ်ယူပြီး (အရပ်ကတိစာချုပ်ဖြင့်) စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများ၊ တရားဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကိုပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **ညွှန်ကြားချက်အရ-** |
| **ဒေါ်တင်တင်ဝင်း** | **ဒေါ်ဖြိုးသူဇာလင်း (LL.B)  ဦးနိုင်သူရဦး(LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ  အထက်တန်းရှေ့န** |
| | **အခန်းအမှတ်(၁၃)၊ မြေတိုင်းတိုက်တန်း** |
| | **ဗိုလ်ချုပ်လမ်း၊ ရပ်ကွက်ကြီး(၆) ပြင်ဦးလွင်မြို့၊** |
| | **ဖုန်း-၀၉-၄၄၉၉၀၀၁၅၅၊ ၀၉-၇၉၅၃၆၁၉၂၆** |

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

တောင်ငူမြို့၊ (၂)ရပ်ကွက်၊ ကွင်းကျောင်း(၃)လမ်းနေ ဦးရွှေထူး+ဒေါ်အမာရီ တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးရွှေထူး-ဒေါ်အမာရီ တို့၏သားဖြစ်သူ မောင်ခန့်ထူးအောင် ၉/ရမသ(နိုင်) ၂၄၈၅၁၉ သည် မိဘတို့၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ကိုယ်စိတ်နှစ်ပါးဆင်း ရဲစေရန်ပြုမူသဖြင့် မောင်ခန့်ထူး အောင်အားသားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။ မောင်ခန့်ထူးအောင်နှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ ဦးရွှေထူး-ဒေါ်အမာရီတို့နှင့် သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

| | |
|---|---|
| **လွှဲအိပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးရွှေထူး-ဒေါ်အမာရီ** | **ဒေါ်မာလာအောင် (LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၁၇၆၈)(၃-၁-၂၀၁၇)** |
| | **၁၉ /၂၃၃၊ ဘုရင့်နောင်လမ်း၊** |
| | **တောင်ငူမြို့၊ ဖုန်း-၀၉-၄၂၈၁၇၀၁၅၇** |

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် Global Fund အဖွဲ့၏ ရန်ပုံငွေ RAI3E (2021-2023) ဖြင့် ဗဟိုငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနစိတ်၊ ရန်ကုန်ရုံးခွဲ(ကြို့ကုန်း)တွင် အောက်ဖော်ပြပါ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါ အမှတ်-(Tender/NMCP/VBDC Warehouse/Reno/2023/1) အားခေါ်ယူအပ်ပါသည်-

(က) အလျား ၁၂၉၁ ပေ၊ အနံ ၂၀'၊ အထူ ၈ လက်မ ရှိသော ကွန်ကရစ်လမ်း တည်ဆောက်ခြင်းလုပ်ငန်း၊ — Lot -1

(ခ) အလျား ၄၅၀ ပေ၊ အမြင့် ၇ ပေ ရှိသော အုတ်တံတိုင်း တည်ဆောက်ခြင်းလုပ်ငန်း၊ — Lot -2

(ဂ) နှစ်ထပ်ရုံးအဆောက်အအုံ၏ ရှေ့မျက်နှာစာ၊ ဘေးဘက်၊ အပြင်နံရံနှင့် အတွင်းနံရံများဆေးသုတ်ခြင်းလုပ်ငန်း၊ — Lot -3

တင်ဒါလျှောက်လွှာအား ဗဟိုငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနစိတ်၊ ရောဂါနှိမ်နင်းရေး ရုံး၊ ကုတင် (၁၀၀၀) ဆေးရုံဝင်း၊ နေပြည်တော်၌ လူကိုယ်တိုင်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါ အဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | |
|---|---|
| **တင်ဒါစတင်သည့်ရက်** | - ၂၀-၇-၂၀၂၃ ရက် |
| **တင်ဒါ ပိတ်သိမ်းမည့်** | - ၃-၈-၂၀၂၃ရက်၊ |
| **ရက်နှင့်အချိန်** | မွန်းတည့်(၁၂:၀၀) နာရီ |
| **ဆက်သွယ်ရန်** | - ဗဟိုငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနစိတ်၊ ရောဂါနှိမ်နင်းရေးရုံး၊ ခုတင် (၁၀၀၀) ဆေးရုံဝင်း၊ နေပြည်တော်၊ ဖုန်း - ၀၆၇ ၄၂၂၅၆၅၊ ၀၉ ၇၉၉၅၅၃၆၈၇ |

**တင်ဒါလက်ခံစိစစ်ရွေးချယ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ဖခင်အမည်မှန်

လားရှိုးမြို့၊ NPS နယ်လ်ဆင်အဆင့်မြင့် ကိုယ်ပိုင်မူလတန်းကျောင်း ဒုတိယတန်း(G2) တွင် ပညာသင်ကြား ပြီးမြောက်သွားသော မောင်ဟိန်းထက်လင်း ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုမူရင်းအရ ဦးဟော်ရန်ယော် ဖြစ်ပါကြောင်း။

## ပတ်စပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၊ ထန်းတောကျေးရွာနေ (ဘ) ဦးသန်းအောင် ၏ သား မောင်သန်းထွန်းဦး ၈/ကမန(နိုင်)၀၆၁၄၃၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-280114) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း ၀၉ ၆၉၁ ၃၂၃ ၀၆၅**

## အများသိစေရန် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ဦးလွန်းလမ်း၊ အမှတ် (၄၀)၊ ၅-လွှာ (ဝဲ) ရှိ HOLY MENA CO.,LTD ၏ ဒါရိုက်တာများဖြစ်ကြသော (၁) ဦးမျိုးမင်းစိုး (၁၂/တမန(နိုင်)၁၃၅၁၂၆)၊ (၂) ဦးအောင်မင်းစိုး (၁၂/တမန (နိုင်)၁၃၄၃၆၃)၊ (၃) ဒေါ်ခင်သူဇာ (၁၂/တမန(နိုင်)၁၃၃၁၉၁)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေး ကြေညာအပ်ပါသည်။

HOLY MENA CO.,LTD ဟိုလီမီနာကုမ္ပဏီလီမိတက်အား မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်တွင် အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့်အများနှင့် မသက်ဆိုင်သည့်ကုမ္ပဏီအဖြစ် ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၃၂၅၇၈၀၈ ဖြင့် ဖွဲ့စည်းခွင့်ရရှိခဲ့ပါသည်။

ထို့ပြင် ကုမ္ပဏီအနေဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားဦးစီးဌာနမှ ခရီးလှည့် လည်ရေးလိုင်စင်အမှတ်၊ ပခ-၀၁၅၁ (သက်တမ်းတိုး) ၉-၄-၂၀၂၃ အရ ခရီးစဉ်ဆောင်ရွက်မှုလုပ်ငန်း (ပြည်ပ)ခရီးစဉ်၊ ခရီးသွားကိုယ်စားလှယ်လုပ်ငန်း (ပြည်ပ)ခရီးစဉ်အတွက် ၂၀၂၃ ခုနှစ်အထိ လိုင်စင်ရရှိထာပြီးဖြစ်ပါသည်။

ဤကုမ္ပဏီသည် American Society of Travel Advisors (asta) အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခံထားရပါသည်။

HOLY MENA CO.,LTD သည် ၂၀၁၉ ခုနှစ်မှစ၍ ဟဂျ်ခရီးသွားလုပ်ငန်းကို စတင်လုပ်ကိုင်လာခဲ့ပြီး ယခု ၂၀၂၃ ခုနှစ်အထိ (၅)နှစ်ကာလတိတိတိုင်အောင် ကောင်းသောဂုဏ်သတင်းဖြင့် လုပ်ကိုင်ဆောင်ရွက်လာခဲ့ပါသည်။ ယခု ၂၀၂၃ ခုနှစ်တွင် ဟာဂျီ ၁၀၀ ဦးခေါ်ယူသွားရာတွင်လည်း ကျေကျေနပ်နပ်ဖြင့် ဝန်ဆောင်မှုပေးနိုင်ခဲ့ပါသည်။

ယခုအခါ မနာလိုသူတချို့သည် HOLY MENA CO.,LTD ကို ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းစေရန် မဟုတ်မမှန် လုပ်ကြံဖန်တီးပြောဆိုတိုက်ခိုက်ခြင်း၊ စွပ်စွဲခြင်း၊ Facebook လူမှုကွန်ရက်မှတစ်ဆင့် မဟုတ်မမှန် လုပ်ကြံဖန်တီးဖော်ပြခြင်းများပြုလုပ်နေကြောင်း ဘာသာရေးအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း ပြောဆိုတိုက်ခိုက်နေကြောင်း တွေ့မြင်သိရှိလာရပါသည်။

ထို့ကြောင့် အထက်ပါအတိုင်း ပြောဆိုတိုက်ခိုက်ခြင်း၊ စွပ်စွဲခြင်း၊ Facebook လူမှုကွန်ရက်မှတစ်ဆင့် မဟုတ် မမှန်သောသတင်းများလုပ်ကြံဖန်တီးဖော်ပြ၍ HOLY MENA CO.,LTD ၏ ဂုဏ်သိက္ခာညှိုးနွမ်းစေရန် ဆောင်ရွက်မှုများကို ဆက်လက်မပြုလုပ်ဘဲ ရပ်တန့်ကရပ်ရန် သတိပေးအပ်ပါသည်။ အကယ်၍လိုက်နာခြင်းမရှိဘဲ ဆက်လက်ပြုလုပ်နေပါက သက်ဆိုင်သူများကို ဥပဒေအရ အရေးယူရန်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **၁။ ဦးမျိုးမင်းစိုး** | **ဦးချစ်လွင်** |
| **၂။ ဦးအောင်မင်းစိုး** | **B.Com (A.A), D.E.P; R.L** |
| **၃။ ဒေါ်ခင်သူဇာ** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၅၉)** |
| **ဒါရိုက်တာလူကြီးများ** | **အမှတ်-၁၉၊ ၁၂၇-လမ်း၊** |
| **HOLY MENA CO.,LTD** | **မင်္ဂလာတောင်ညွန့်မြို့နယ်၊** |
| | **ရန်ကုန်မြို့၊** |
| | **ဖုန်း-၀၉-၄၂၀၁၂၄၁၄၉** |

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (တ/၁၅)ရပ်ကွက်၊ မြေတိုင်း(၄၁)၊ ပန်းခြံ(၂၁)၊ မြေကွက်အမှတ် (၆၀၉/က) (ဦးခင်မောင်သိန်း၊ LKW-၀၇၃၆၇၆ အမည်ပေါက် ပါမစ်မြေအမျိုးအစား)ဟုခေါ်တွင်သော မြေကွက်အကျယ်အဝန်း (၂၀x၆၀)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်စားပင်အပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို ဦးနေလင်းထွန်း (၁၂/ရပသ(နိုင်)၀၃၅၄၅၃)နှင့် ဒေါ်နန်းလင်းစိုး (၁၂/မဂဒ(နိုင်)၁၁၅၆၅၄)တို့မှ တရားဝင်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး အပေါင်အနှံ အရှုပ်အရှင်းကင်း၍ ၎င်းတို့သာ လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်လှိုင်လှိုင်ထွန်း (၉/ခမစ (နိုင်) ၀၁၀၃၄၉)မှ (၁၃-၇-၂၀၂၃) ရက်တွင် "နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ် ကတိစာချုပ်" ပြုလုပ်ချုပ်ဆို၍ တန်ဖိုးငွေအပြေအကြေပေးချေဝယ်ယူပြီး လက်ဝယ်ပိုင်ဆိုင်ထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှိုင်လှိုင်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဇင်မာသက် (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၉၅၈)**
**ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၂၅၀၅၁၈၂၉၉၊ ၀၉-၉၅၁၈၇၉၇၆၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/83109,Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောဘီးကျော် ၁၄/ပသန(နိုင်)၁၃၇၁၂၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၈)၊ မဟာဗန္ဓုလလမ်း၊ မြေကွက်အမှတ် (၁၁)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)(၀.၀၅၅ ဧက) ရှိ ဦးဝင်းသက်နိုင်(ခ)ဆန်နီ(၉/မရမ(နိုင်)၀၀၅၅၆၆)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးဝင်းသက်နိုင်(ခ)ဆန်နီထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊အင်းယားလမ်း၊ အမှတ် (၃၈/က)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၃၆/ဒီ)၊ မြေကွက်အမှတ် (၈၂/ဂျေ) မြေဧရိယာ ၀ဒသမ ၃၅၂ဧကရှိ မြေပိုင်မြေ (မစိုက်ပျိုးမြေ) မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြနှင့် မြေစီမံခန့်ခွဲမှု ဦးစီးဌာနတွင် အမည်ပေါက် ပိုင်ဆိုင်သူ ဦးကြူးကျော် ၁၂/ကမရ(နိုင်)၀၅၇၄၁၂ နှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ကျင်ကွန့်တို့ ကွယ်လွန်သွားပြီးဖြစ်သည့် အတွက် သားသမီးများဖြစ်ကြသော ၁။ ဦးတင်ရွှေ ၁၃/တကန(နိုင်)၀၆၇၉၆၉၊ ၂။ ဒေါ်ကြည်ကြည် ၁၂/ကမရ(နိုင်) ၀၄၄၀၀၇ ၊ ၃။ ဒေါ်ရင်ရင်(ခ)ရင်ရင်လေး ၁၂/ ကမရ(နိုင်) ၀၂၉၀၇၈၊ ၄။ ဒေါ်စန်းစန်း ၁၂/ ကမရ(နိုင်)၀၂၉၀၇၉၊ ၅။ ဒေါ်စိုးစိုး ၁၂/ကမရ(နိုင်)၀၂၉၀၈၀တို့မှ တရားဝင် အမွေဆက်ခံရရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိ ကြောင်းဝန်ခံ ကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား အရောင်းအဝယ် ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တရားဝင်စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာ ယူဆောင်လာပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးကြေညာ အပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ် ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးအေးရီ ( LL.B )** | **ဒေါ်ဝဿနံစည်သူ( LL.B )(D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ (၄၃၇၃)** | **အထက်တန်းရှေ့နေ (၅၃၀၀၃)** |

**အမှတ်(၉/၁၁)၊အခန်းအမှတ်(၂၀၁)၊ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၂)၊ မြေကွက်အမှတ် (၁၇၅၄)၊ မြေအကျယ်အဝန်းပေ (၄၀x ၆၀)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးစိန်ရွှေ (၁၂/ရပသ(နိုင်)၀၀၃၈၇၉)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဒေါ်ဆွေဆွေထွန်း (၁၂/စခန(နိုင်)၀၀၀၂၈၈)သည်နှစ်ဦး သဘောတူအဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များ"ဖြင့် ဝယ်ယူပိုင်ဆိုင် ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့စကား ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများ သိစေရန်ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**(စဉ်-၁၁၄၀၆)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊**
**၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောဝ၊ ကမ်းနားအလယ်ရပ်ကွက်၊ လှိုင်မြစ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၁-ဘီ၊ မြေကွက်အမှတ်-၄/၂ ၏ မြေဧရိယာ (၄.၀၃၅)ဧက၏ အစိတ်အပိုင်းအတွင်းပါဝင်သည့် တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၁၄ပေ ၆ လက်မx၃၄ပေ)ရှိသော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို စဉ်ဆက်မပြတ် လက်ဝယ်ထားရှိနေထိုင်သူများထံမှ အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပြီး လက်ဝယ်ထားနေထိုင်လျက်ရှိသူ ဒေါ်ကြူကြူဝင်း (၁၄/မအပ(နိုင်)၂၅၉၃၅၇)က ၎င်းတစ်ဦးတည်း ပိုင်ဆိုင်ကြောင်း၊ အမွေစား၊ အမွေခံမှစ၍ အရှုပ်အရှင်းများ ကင်းရှင်းကြောင်း၊ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏အမှုသည်က အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဘိုးငွေ၏တစ်ဝက်တိတိကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်၏ အကျိုးခံစားခွင့်၊ ပိုင်ဆိုင်ခွင့်များနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်၊ ပိုင်ဆိုင်ခွင့်ရှိသဖြင့် အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများယူဆောင်၍ ဤကြော်ငြာ ပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့် ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါက်တာဇာခြည်အောင်** | **ဒေါက်တာမေစန်းပွင့်** | **ဒေါ်ကြာဖြူဝတ်ရည်** |
| **LL.B, LL.M, MRes, PhD** | **LL.B, LL.M, MRes, PhD** | **LL.B, LL.M** |
| **(စဉ်-၁၂၀၃၃)** | **(စဉ်-၁၆၀၄၄)** | **(စဉ်-၁၆၀၈၉)** |

**တရားလွှတ်တော်ရှေ့နေများ**
**တိုက် (၁)၊ အခန်း (၁၁၂/၁၁၃)၊ ဟိုတယ်ရန်ကုန်၊ ပြည်လမ်းနှင့်ကမ္ဘာအေးဘုရားလမ်းထောင့်၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၇၇၁၁၁၂၉၁မှ ၀၉-၉၇၇၁၁၁၂၉၅ ထိ**




## တစ်ဦးတည်းဖြစ်ပါကြောင်း

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ခုံအမှတ် ဒပ-၂၈၁ ဖြင့်ဖြေဆိုအောင်မြင်သည့် မမျိုးမေဆန်း၏ မိခင် ဒေါ်သိန်းသိန်းမေနှင့် ဒေါ်မသိန်းရွှေ ၁၁/မပန(နိုင်)၀၅၇၅၁၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်မှန်နှင့် ဖခင်အမည်မှန်

သံဖြူဇရပ်မြို့နယ်၊ အထက(၂) Grade-9မှ(ဘ)ဦးဇော်လင်းနိုင်၏ သမီး မချစ်လွမ်းပိုဦး၏ အမည်မှန်မှာ မချစ်လွမ်းပိုဦး ဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးဇာနိုင်လင်း ၁၂/ကခက(နိုင်)၁၁၃၃၂၀ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးညီညီမင်း ၁၂/သဃက(နိုင်)၀၄၀၈၀၉ ၏ သမီး Yankin TTC (Grade-2B)၌ ပညာသင်ကြားနေသော မကာရန်နွယ် အား မကာရံနွယ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မကာရံနွယ်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးမြကြည်၏သမီး ပြည်တက္ကသိုလ် (စတုတ္ထနှစ်)ဓာတုဗေဒမှ မဆုမြလှိုင် ၁၂/ဒလန(ပြု)၀၀၂၀၅၄ (ခ)မစုမြတ်ရတနာလှိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မစုမြတ်ရတနာလှိုင်(ခ)**
**မဆုမြလှိုင်**

## ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အထက(၄) Grade-12(B)မှ မဇင်ဇင်အောင်၏ ဖခင်အမည်မှန်မှာ ဦးစန်းသွင် ၁၃/ကတန(နိုင်)၀၀၆၂၂၇ ဖြစ်ပါကြောင်း။

**ဦးစန်းသွင်**

## ဖခင်အမည်မှန်

တာချီလိတ်မြို့၊ မကာဟိုခမ်း (အထက)ကျောင်းGrade-5 မှ မောင်အောင်ခန့်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်မြင့်သန်း ၁၁/ကဖန(နိုင်)၁၅၄၀၅၅ ဖြစ်ပါကြောင်း။

**ဦးကျော်မြင့်သန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/10205,Honda PCX 150 ယာဉ်လက်ဝယ်ရှိသူ ဦးရဲဝင်းအောင် ၁၄/ဟသတ(နိုင်)၀၄၉၇၄၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/54484,Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးချစ်အောင် ၁၄/ဟသတ(နိုင်)၃၁၉၀၆၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6W/70893,Honda Wave NF 125 ms ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကျောက်ချီယင် ၁၃/ကလတ(နိုင်)၀၁၇၇၂၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၅၅၂၇, Jialing JL-90,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညို ၅/မရန(နိုင်)၂၀၅၅၅၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ အမှတ် (၁၁/A)၊ ဒုတိယထပ်၊ အကျယ်အဝန်း (၂၀'x ၅၀' )ရှိ တိုက်ခန်း (၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဒေါ်စန္ဒာ (၉/မနမ (နိုင်)၁၁၀၆၅၇)မှ ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ၎င်းထံမှကျွန်ုပ်မိတ်ဆွေ ဦးကျော့ဆွေဦး(၁၂/တတန(နိုင်)၁၆၆၈၈၉) က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝင်းဇော် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၅၈/၆၀ )၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း 09- 5056944**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၂)၊ မြေကွက်အမှတ်(၁၇၂၄)၊ မြေအကျယ်အဝန်း ပေ(၄၀x၆၀)ရှိ မြေချပါမစ်မြေကွက်နှင့်ယင်း မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့ မြေစာရင်းတွင်ဦးညွှန့်တင်(SDY-၀၅၈၈၄၃)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဒေါ်ကေသီထွန်း (၈/တတက(နိုင်)၁၄၁၅၁၅) သည်နှစ်ဦး သဘောတူအဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များ” ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကအပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီး မြောက်အောင်မြင်သည် အထိဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများ သိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**(စဉ်-၁၁၄၀၆) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်-တိုးချဲ့၊ သမိုင်းမြို့သစ်(၇)လမ်း၊ အမှတ်(၂၄၁/၂၄၂)၊ (၂)ခန်းတွဲ RC(၆)ထပ်တိုက်၏ စတုတ္ထထပ်(၅လွှာ) (တိုက်ကိုမျက်နှာမူလျှင် လက်ဝဲဘက်ခြမ်းအခန်း)၊ ဧရိယာ (၈၁၆ စတုရန်းပေ)ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်နော်ဂျဲနဗီး (၁၂/ကမတ(နိုင်)၀၀၆၄၄၀)ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဒေါ်ကြူကြူနိုင် (၁၂/ အလန(နိုင်)၀၄၃၀၈၈)၊ ဦးအောင်ကျော်သက် (၁၄/ဒဒရ(နိုင်)၁၃၀၅၃၀)တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာ ပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ကြူကြူနိုင်၊ ဦးအောင်ကျော်သက်တို့၏လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်သူဇာကျော်**
**LL.B, D.B.L, D.I.L, D.I.P.L,WIPO (Switzerland)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၂၆)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

